# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၀) ရက် ၊ ကြာသပတေးနေ့ ၊ (4-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း



**နေပြည်တော် ဧပြီ ၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ☞

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။**




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၄ ရက်
အယ်ဒီတာ့အာဘော်

# သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထမ်းရွက်

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့သည် ယခုအခါ ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ရှည်လျားလှသည့်သမိုင်းခရီးတစ်လျှောက် မဆုတ်မနစ်သော ဇွဲလုံ့လဝီရိယတို့ဖြင့် နိုင်ငံတော်နှင့်တပ်မတော်ကပေးအပ်လာသည့် တာဝန်များကိုကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းရွက်လျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ စစ်ဘက်-နယ်ဘက်ဆက်ဆံရေးထိ သက်ရောက်မှုရှိသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဟူသည် တပ်မတော်(ကြည်း၊ရေ၊လေ)အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်ဖြင့်တည်ဆောက်ခြင်း၊ ပြည်သူများကြားကမွေးဖွားလာသော တပ်မတော်နှင့်ပြည်သူကို တစ်သားတည်းဖြစ်စေခြင်းဆိုသည်ထိ စွမ်းပကားရှိသည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များသည် တပ်ဖွဲ့၏ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကို ကျေပွန်အောင်မြင်စွာ ထမ်းဆောင်နိုင်ရေးအတွက် မိမိတို့သိသင့်သိထိုက်သည့် အသိပညာများနှင့်တတ်ကျွမ်းရမည့် အတတ်ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်သည်။

ထို့ပြင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများအနေဖြင့်လည်း တပ်မတော်သားများ၊ မိသားစုဝင်များ၊ ဒေသခံပြည်သူများ စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့စေရန်အတွက် ဖျော်ဖြေရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်မှာ ဂုဏ်ယူဖွယ်ဖြစ်ပေသည်။

**"ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်များသည် စာပေ၊ ဂီတ၊ မီဒီယာ စသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် အနုပညာဆိုင်ရာသဘောသဘာဝအပေါ်အခြေခံပြီး ဖွဲ့စည်းထားသည့်တပ်ဖွဲ့များဖြစ်သောကြောင့် တပ်ဖွဲ့တွင်းစည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ ပေးအပ်လာသည့်တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် ရုပေါင်းအားကိုအဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင်ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မှန်ကန်သည့်အသိနိုင်မာသည့် ခံယူချက်ကောင်းများနှင့် မိမိတို့ကိုယ်စီ တတ်မြောက်ကျွမ်းကျင်ထားကြသည့် အတတ်ပညာစွမ်းအားများပေါင်းစပ်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးအားမာန်များ ပိုမိုရှိမာလာအောင်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း"** ၂၀၂၄ ခုနှစ် မေ ၁ ရက် နေပြည်တော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ၇၇ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များသည် သမိုင်းနှင့်အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး တပ်ဖွဲ့၏မူလရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေးရာနှင့် မျက်မှောက်ခေတ်အခြေအနေများကို မျက်ခြည်မပြတ်လေ့လာနေကြရမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်နှင့်တပ်မတော်ကပေးအပ်လာသည့်တာဝန်ကို ကျရာအခန်းကဏ္ဍမှကြိုးပမ်းထမ်းရွက်ခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီဖြစ်သည့်အတွက် နောင်နှစ်ပေါင်းရာချီမက ဆက်လက်ထမ်းရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# သင်္ကြန်ကာလအတွင်း မန္တလေးမြို့ ၂၆လမ်းနှင့် ၂၇လမ်းကြား ၇၁ လမ်းတွင် လူဦးရေ ၅၀၀ ဆံ့စတုဒိသာမဏ္ဍပ်ကြီးဆောက်လုပ်မည်



**မန္တလေး မေ ၃**

သင်္ကြန်ကာလအတွင်း မန္တလေးမြို့ ၂၆လမ်းနှင့် ၂၇ လမ်းကြား ၇၁ လမ်းတွင် လူဦးရေ ၅၀၀ ဆံ့ စတုဒိသာမဏ္ဍပ်ကြီး ဆောက်လုပ်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် မြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံတွင် ဧပြီလအတွင်း မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိကြောင်း၊ ယခုနှစ် ဧပြီလအတွင်းကျင်းပပြုလုပ်မည့် သင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့၌ ပထမဆုံးအကြိမ်အဖြစ် လူဦးရေ ၅၀၀ ဆံ့စတုဒိသာမဏ္ဍပ်ကြီးကို ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေကတော့ မန္တလေးမြို့ ကျုံးပတ်လည်မှာရှိတဲ့ ဌာနဆိုင်ရာရေကစားမဏ္ဍပ်တွေမှာ မိမိတို့ရဲ့ဌာနအစီအစဉ်နဲ့ စတုဒိသာကျွေးမွေးကြတယ်။ အခုနှစ်မှာတော့ ဌာနဆိုင်ရာတွေအားလုံးပူးပေါင်းပြီး လူဦးရေ ၅၀၀ ဆံ့စတုဒိသာမဏ္ဍပ် ဆောက်လုပ်ပြီး ကျွေးမွေးဧည့်ခံသွားမှာပါ။ စတုဒိသာမဏ္ဍပ်မှာ ကျွေးမွေးတဲ့အခါ ဌာနဆိုင်ရာတွေအားလုံးစုပေါင်းပြီးတော့ သင်္ကြန်ရက်အလိုက် တာဝန်ခွဲဝေပေးထားတဲ့ဌာနတွေက သင်္ကြန်ပွဲတော်လာတဲ့ပြည်သူတွေကို အလှည့်ကျစတုဒိသာ ကျွေးမွေးဧည့်ခံပေးသွားမှာပါ"ဟု ဌာနမှူး ဦးတင်ထွန်းဦးက ပြောပြသည်။

သင်္ကြန်ပွဲတော်ကာလ ဧပြီ ၁၃ ရက်(အကြိုနေ့)မှ ဧပြီ ၁၆ ရက်(သင်္ကြန်အတက်နေ့)ထိ မန္တလေးသင်္ကြန်ပွဲတော်သို့ လာရောက်လည်ပတ်ကြမည့် ပြည်သူများအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အရှေ့ဘက် ၂၆ လမ်းနှင့် ၂၇ လမ်းကြား ၇၁လမ်းတွင် ဆောက်လုပ်မည့် စတုဒိသာမဏ္ဍပ်၌ ဝင်ရောက်စားသုံးနိုင်ကြောင်း သိရသည်။

မန္တလေးမြို့ ၆၆ လမ်းနှင့် ၂၆ လမ်းဘက်တွင်လည်း ရေကစားမဏ္ဍပ်ကြီးများ၊ ရေကစားမဏ္ဍပ်အသေးများ စတင်ဆောက်လုပ်လျက်ရှိကြောင်း၊ အလားတူ မန္တလေးဆိပ်ကမ်းဘက်တွင်လည်းရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီး ခရိုင် ၁၁ ခရိုင်တွင် နှမ်းစပါးစိုက် တောင်သူများကို ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးမည်

**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး ခရိုင် ၁၁ ခရိုင်အတွင်းရှိ နွေစပါးစိုက်တောင်သူများကို သွင်းအားစုများပြည့်ဝစွာသုံးစွဲနိုင်ရန်အတွက် ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ပြောပြ၍ သိရသည်။

အဆိုပါ ခရိုင်များရှိ နွေစပါးစိုက်တောင်သူများကို နွေစပါးအပင်၏အာဟာရဓာတ်များပြည့်ဝစေရန်အတွက် ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားရန် စီစဉ်ထားရှိကြောင်း၊ ရောင်းချပေးသည့်အခါ ခရိုင် ၁၁ ခရိုင်အတွင်းရှိ နွေစပါးစိုက်ဧက ၂၉၆၅၃ ဧကအတွက် ယူရီးယားဓာတ်မြေဩဇာ အိတ် ၆၂၂၀ ကို ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းမှာထုတ်တဲ့ စက်ရုံတွေက ဖြန့်ဝေရောင်းချပေးတာကြောင့် တောင်သူတွေ သက်သာတဲ့နှုန်းနဲ့ရမယ်။ အရေးကြီးနေတဲ့ဆန်၊ စပါးထုတ်လုပ်မှုတိုးတက်ဖို့နဲ့ ဆီထွက်သီးနှံတွေ တိုးတက်ထုတ်လုပ်ဖို့ကိုရည်ရွယ်ပြီး သက်သာတဲ့နှုန်းနဲ့ ရောင်းချပေးပါတယ်။ အဓိကတော့ စပါးစိုက်တဲ့သူတွေကို ဦးစားပေးရောင်းချပါတယ်။ မိုးရာသီမှာလဲ ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။ ယူရီးယားဓာတ်မြေဩဇာအိတ်တွေကိုတော့ သက်ဆိုင်ရာမြို့နယ်အလိုက်ပေးပြီးပါပြီ။ သူတို့ကနေတစ်ဆင့် တောင်သူတွေကို မေလကနေစပြီး ဖြန့်ဖြူးရောင်းချပေးသွားမှာပါ။ အခုလိုဆောင်ရွက်ပေးတာကလဲ ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာနဲ့ တောင်သူတွေ ဝယ်ယူအသုံးပြုနိုင်စေဖို့ ရည်ရွယ်တာပါ"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးမင်းက ပြောပြသည်။

အဆိုပါ ယူရီးယားဓာတ်မြေဩဇာများကို ရောင်းချပေးမည့် ခရိုင်များမှာ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ တံတားဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မဟာအောင်မြေခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ သပိတ်ကျင်းခရိုင်၊ အမရပူရခရိုင်၊ အောင်မြေသာစံခရိုင်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် နယ်စုံမှ ဝင်ရောက်လာသည့်ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် နယ်စုံမှ ထွက်ရှိသည့်ပန်းမုန်လာများ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် နယ်စုံမှထွက်ရှိသည့် ပန်းမုန်လာများ မန္တလေးသီရိမာလာကုန်စိမ်းဈေးသို့ နေ့စဉ်ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ထိုသို့ဝင်ရောက်လာသည့် ပန်းမုန်လာများမှာ တစ်ပွင့်လျှင် ငွေကျပ် ၅၀၀ မှ ၇၀၀ ဈေးရှိကြောင်း သိရသည်။

"လက်ရှိမှာ ပန်းမုန်လာက နယ်စုံကထွက်ရှိလာပါတယ်။ ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်တွေကောင်းနေပါတယ်။ မြေပြန့်ဒေသက ထွက်ရှိလာတဲ့ပန်းမုန်လာတွေကော၊ အောင်ပန်းနယ်ဒေသက ထွက်ရှိလာတဲ့ ပန်းမုန်လာတွေကော ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲရှည်သီး၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ မုန်လာဥနီနဲ့ ကြက်သွန်နီ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

ပန်းမုန်လာသည် ဆယ့်နှစ်ရာသီ ထွက်ရှိသောသီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ လက်ရှိတွင် သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိဖွင့်လှစ်၍ ရောင်းချပေးနေကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖုန်းနံပါတ်များ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သံဖြူဇရပ်မြို့နယ် ပငကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းတာပေါင်တင်ခြင်းနှင့် ကျောက်ရောမြောင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သံဖြူဇရပ် မေ ၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပငကျေးရွာ၌ ပြည်နယ်ရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းတာပေါင်တင်ခြင်းနှင့် ကျောက်ရောမြောင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မေ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပငကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း တာပေါင်တင်ခြင်းလုပ်ငန်းနှင့် ကျောက်ရောမြောင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု၊ Slab Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းကို အကျိုးရှိစွာအသုံးပြုကြရန်၊ ရေရှည် အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ် ပငကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း(၁)၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းတာပေါင်တင်ခြင်းနှင့် ကျောက်ရောမြောင်းလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေကျပ် ၆၉ ဒသမ ၅၆၉ သန်းဖြင့် မွန်းကင်းစတားကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာ ၉ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးကြောင်း၊ ကုန်ထုတ်လမ်းအပိုင်း(၂)၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းတာပေါင်တင်ခြင်းနှင့်ကျောက်ရောမြောင်းခြင်းလုပ်ငန်း၊ အရှည်ငါးပေခြောက်လက်မ၊ အကျယ် ၁၈ ပေ၊ အမြင့်ငါးပေရှိ Slab Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အရှည်ရှစ်ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ငါးပေရှိ Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၅၁၅ သန်းဖြင့် ရာမညအောင်ကုမ္ပဏီက စက်တင်ဘာ ၁၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**

# မြစ်သားမြို့နယ် ညောင်ဂျစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြစ်သား မေ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ဂျစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ညောင်ဂျစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မြစ်သားမြို့နယ် ညောင်ဂျစ်ကျေးရွာ၌ အကျယ်လေးလက်မ၊ အနက် ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျားငါးပေ၊ အနံငါးပေ၊ အမြင့်ခုနစ်ပေ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၈၇၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ၂၀၂၃ ခုနှစ် ဧပြီလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဝက်လက်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၈၀၀၀ စိုက်ပျိုးရန်လျာထားပြီး ဖေဖော်ဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ နွေစပါးဧက ၂၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ကျန်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ဖို့အသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလျက်ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နွေစပါးစိုက်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ သီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများစိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် သမန်းကျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် မေ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်မင်းကုန်းကျေးရွာအုပ်စု သမန်းကျားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သမန်းကျားကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ငွေကျပ် ၄၇ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၈၃၇ ဧက ရိတ်သိမ်းပြီးစီး

**ငပုတော မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၈၃၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပဲတီစိမ်းများကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၄၃ တင်းထွက်ရှိကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သော ပဲတီစိမ်းများ လျာထားချက်အတိုင်းရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၁၈၃၇ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ဧကအားလုံးရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ ပဲတီစိမ်းဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာတွေနဲ့ တခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲတီစိမ်းတွေ အပင်ပေါက်အားကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားရောဂါမကျရောက်စေဖို့စတဲ့လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့် ပဲတီစိမ်းများအပါအဝင် ဆောင်းသီးနှံများအားလုံး အရည်အသွေးကောင်းစေရေး၊ ပိုးသတ်ဆေး၊ အပင်အားဆေးများ စနစ်တကျအသုံးပြုတတ်စေရေး စသည့်နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# စာဆိုတော်ဦးရွှန်း၏ဘဝနှင့်စာပေ(၃)

ဗိုလ်ရှိတ်(ရတနာပူရ)

**ငယ်စဉ်အခါပညာရှာ**

ဦးရွှန်းသည် အမရပူရမြို့၌နေထိုင်စဉ် ပညာသင်ကြားရေးလုပ်ငန်းကို မိဘနှစ်ပါးထံမှပင် စတင်သင်ကြားခဲ့ဟန်ရှိသည်။ ဦးရွှန်း၏မိဘ၊ ဘိုးဘွားတို့သည် ပညာတတ်မျိုးရိုးများဖြစ်သောကြောင့် မိဘတို့ထံမှ ဂဏန်းသင်္ချာအတတ်၊ ဓမ္မသတ်အတတ်တို့ကိုသင်ကြားခဲ့ဟန်ရှိသည်။ ထိုအကြောင်းကို ဟံသာဝတီဦးဘရင်၏ မှတ်တမ်း၌ "ဖခင်မှာရှေ့နေဖြစ်၍ ဘွဲ့မှာသူရမနုဟုခေါ်တွင်ကာ နေပြည်တော်သို့ရွှေ့ပြောင်း၍ လွှတ်တော်ရုံး၌ အမှုထမ်းရွက်လေသည်။ ဂန္ထန္တရဟုဆိုအပ်သော ပိဋကတ်၊ ဗေဒင်၊ ရာဇဝင် စသည်တို့ကိုလည်း တတ်မြောက်ကျွမ်းကျင်လှ၍ သားဖြစ်သော မောင်ရွှန်းအား လောကီလောကုတ္တရာပညာများကို သင်ကြားပေးပေ၏"ဟူ၍ ဖော်ပြထားသည်။ ဆရာကြီး၏မှတ်တမ်းသည် သင့်ပါသည်။ ပညာတတ်ဖခင်ဖြစ်သူသည် သားဖြစ်သူကို ဆက်လက်ပညာအမွေပေးမည်မှာ သေချာပါသည်။

ထို့ပြင် ဒဂုန်နတ်ရှင်၏မှတ်တမ်း၌ ဦးရွှန်းသည် သာမဏေဘဝဖြင့် အမရပူရမြို့ အရှေ့မြောက်ထောင့်၌ရှိသော မင်္ဂလာဘုံကျော်ညောင်ကန်ကျောင်းတိုက်၌ ပညာသင်ကြားခဲ့သည်ဟု ရေးထားသည်။ သာမဏေဘွဲ့မှာ သာဓိနဟူ၍ ဆိုသည်။ မင်္ဂလာဘုံကျော်ညောင်ကန်ဆရာတော်ကြီး၏ဘွဲ့တံဆိပ်မှာ ကဝိန္ဒာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ပင်ဖြစ်သည်။ မင်္ဂလာဘုံကျော်ညောင်ကန်ကျောင်းတိုက်သည် ဘိုးတော်ပဒုံမင်း၏ မြောက်နန်းမိဖုရားက ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဖြစ်သည်။ ဆရာတော်သည် စာအလွန်တတ်သည်။ ဆရာတော်ရေးသားခဲ့သော ၅၅၀ ဇာတ်ဝတ္ထုစကားပြေများသည် အလွန်ထင်ရှားသည်။ ညောင်ကန်ဆရာတော်ကြီးထံမှ ရာဇဝင်၊ ပုံပြင်၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ ကဗျာစပ်နည်းတို့ကို သင်ယူခဲ့သည်။ အသက် ၂၀ ပြည့်သောအခါတွင် ညောင်ကန်ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘဝသို့ ရောက်ခဲ့သည်။ ဦးရွှန်းရဟန်း ၁၀ ဝါအရတွင် အဖဖြစ်သူ လွှတ်တော်ရှေ့နေကြီး ကွယ်လွန်ခဲ့သဖြင့် လူထွက်ခဲ့ရသည်။ ဤမှာ ဆရာကြီးဒဂုန်နတ်ရှင်၏ မှတ်တမ်းကို ကိုးကား၍ ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ဆရာကြီး ဒဂုန်နတ်ရှင်၏ မှတ်တမ်းသည် ဦးရွှန်း၏ မွေးဖွားနှစ်လွဲသည်မှလွဲ၍ ကျန်သည့်အချက်အလက်များသည် မှားသည်ဟုမဆိုနိုင်ပါ။ အမှန်များပါဝင်နေမည်သာဖြစ်သည်။ ဦးရွှန်းသည် အမရပူရ၌နေ၏။ မိဘတို့ထံမှ ပညာသင်ကြားသည်။ နောက်ညောင်ကန်ကျောင်းတိုက်၌ ပြောင်း၍ ပညာသင်ကြားခဲ့သည်။ ၎င်းမှာဖြစ်နိုင်သော အကြောင်းတရားများပင်ဖြစ်သည်။ ရှေးက ပညာရေးစနစ်သည် ဘုန်းတော်ကြီးကျောင်းများသာဖြစ်သည်။ ထို့ကြောင့် ဦးရွှန်းလို ပညာတတ်အသိုင်းအဝိုင်းတွင် မွေးဖွားသူအဖို့ ညောင်ကန်ဆရာတော်ကဲ့သို့ ထင်ရှားသောဆရာတော်ကြီးထံ ပညာသင်ခွင့်ရမည်မှာ မဆန်းပေ။ အမရပူရမြို့၌နေထိုင်သော ဦးရွှန်းသည် အမရပူရမြို့ရှိ မင်္ဂလာဘုံကျော် ညောင်ကန်ကျောင်းတွင် ပညာသင်ကြားရသည်မှာ ဖြစ်နိုင်သည်။

**ဗဒုံမင်းလက်ထက် မင်းမှုထမ်းဘဝ**

ဦးရွှန်းသည် လွှတ်တော်ရှေ့နေကြီး၏ သားဖြစ်သောကြောင့် စကားအရာ၌ လိမ္မာကျစ်လျစ်သည်။ ဘိုးတော်ဗဒုံမင်းထံတွင် မင်းမှုထမ်းအဖြစ် ခစားထမ်းရွက်ရသည်။ အဖအရာကိုဆက်ခံခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် ဦးရွှန်း ထမ်းရွက်ခဲ့ရသောတာဝန်မှာ လွှတ်တော်ရှေ့နေကြီးမဟုတ်ပေ။ ဘိုးတော်ဗဒုံမင်း၏ မြေးတော် စစ်ကိုင်းမင်းသားထံ ဗေဒင်ပညာများသင်ကြားပြသပေးရသည်။ စစ်ကိုင်းမင်းသားနှင့် ဦးရွှန်းသည် အသက် နှစ်နှစ်ခန့်သာကွာသည်။ ဦးရွှန်းသည် ၁၁၄၄ ခုနှစ်ဖွားပြီး စစ်ကိုင်းမင်းက ၁၁၄၆ ခုနှစ် ဝါခေါင်လဆန်း ၆ ရက်(၁၇၈၄ ခုနှစ် ဇူလိုင် ၂၄ ရက်) နေ့ဖွားသည်။ ထို့ကြောင့် ဦးရွှန်းက နှစ်နှစ်ခန့်ကြီးသည်။ ဦးရွှန်းသည် စစ်ကိုင်းမင်းသားထံ၌ ဗေဒင်ပညာပြသပေးနေစဉ် ဘိုးတော်ဗဒုံမင်းက ဦးရွှန်းကို စန္ဒကျော်ခေါင်ဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ထိုအကြောင်းကို ရှေးပေမူ၌ "စန္ဒကျော်ခေါင်ဘွဲ့ကို ဘေးတော်ဘုရားသနားတော်မူသည်"ဟူ၍ ဖော်ပြခဲ့သည်။ ဘေးတော်ဘုရားဆိုသည်မှာ မင်းတုန်းမင်းကြီး၏ ဘေးတော်ဗဒုံမင်းတရားကြီးကို ဆိုခြင်းဖြစ်သည်။ ထို့ပြင် ဦးရွှန်းကိုယ်တိုင်ရေးဖွဲ့ခဲ့သည့် မဟာဝင်ပျို့နိဂုံး၌-

"ရှေးဦးပထမ၊ ဘွဲ့တော်ရသည်
အမရဘုံတည်၊ ဇာနည်ဆင်ရ
လက်ထက်ကမူ၊ စန္ဒကျော်ခေါင်"ဟူ၍ ရေးဖွဲ့ထားခဲ့ပေသည်။

ထို့ကြောင့် ဦးရွှန်းသည် ဘိုးတော်ဗဒုံမင်းလက်ထက်၌ စန္ဒကျော်ခေါင်ဘွဲ့ကို ရကြောင်းထင်ရှားလှပါသည်။

ရွှေသွယ်ပြောင်းတည့်၊ ဇောင်းကတ္တီပါ
မဟာဘွဲ့ကြီး၊ ဆောင်းရွှေထီးနှင့်
ဆီမီးခုံစား၊ ပိုင်သနား၍
ငါးကျိပ်ငါးလျှံ၊ မင်းတို့စံသည်
ပုဂံဌာန၊ ဝန်းရံခ၌"ဟူ၍ ရေးဖွဲ့ထားပါသည်။

ဦးရွှန်းစားခဲ့ရသည့် ရွာများနှင့်အဆင်တန်ဆာများကို ပြည့်ပြည့်စုံစုံရေးဖွဲ့ထားခြင်းဖြစ်သည်။

ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်၌ ဦးရွှန်းသည် မြို့စားအဖြစ် ချီးမြှောက်ခံရသည့်အပြင် ဘွဲ့တံဆိပ်အမျိုးမျိုးလည်းရရှိခဲ့သည်။တချို့က ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ဘွဲ့တံဆိပ်ငါးမျိုးရရှိခဲ့သည်ဟု ဆိုကြသည်။ အမှန်တကယ်မှာ ဦးရွှန်းသည် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်၌ ဘွဲ့တံဆိပ်လေးခုရရှိခဲ့သည်။

❖ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်၌ ဦးရွှန်းသည် မြို့စားအဖြစ် ချီးမြှောက်ခံရသည့်အပြင် ဘွဲ့တံဆိပ်အမျိုးမျိုးလည်း ရရှိခဲ့သည်။ တချို့က ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ဘွဲ့တံဆိပ်ငါးမျိုးရရှိခဲ့သည်ဟု ဆိုကြသည်။ အမှန်တကယ်မှာ ဦးရွှန်းသည် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်၌ ဘွဲ့တံဆိပ်လေးခုရရှိခဲ့သည်။ ပထမဆုံးရရှိခဲ့သော ဘွဲ့တံဆိပ်မှာ ရွှေတောင်ကျော်ထင်နော်ရထာဘွဲ့ဖြစ်သည်။ ❖

**ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်**

ဘိုးတော်ဗဒုံမင်းသည် ၁၁၈၁ ခုနှစ်တွင် နတ်ရွာစံခဲ့သည်။ မြေးတော် စစ်ကိုင်းမင်းသားသည် အမရပူရထီးနန်းကို ဆက်ခံခဲ့သည်။ စစ်ကိုင်းမင်းသားမှာ ဦးရွှန်း ဗေဒင်ပညာသင်ကြားပေးခဲ့ရသည့် စစ်ကိုင်းမင်းသားပင်ဖြစ်သည်။ မြန်မာ့သမိုင်းတွင် ဘကြီးတော်စစ်ကိုင်းမင်းအဖြစ် ထင်ရှားသည်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင်လည်း ဦးရွှန်းသည် ဘွဲ့တံဆိပ်အမျိုးမျိုးရရှိခဲ့သည်။ ဦးရွှန်းသည် ဘကြီးတော်စစ်ကိုင်းမင်းကို မင်းသားဘဝကတည်းက ဗေဒင်ပညာသင်ကြားပေးခဲ့ရသောကြောင့် ဆရာတပည့်ရင်းနှီးမှုလည်းရှိသည်။ ဘကြီးတော်လက်ထက်တွင် ကုလားစစ်၊ ကသည်းစစ်များဖြစ်ပွားခဲ့သည်။ တစ်နည်း အင်္ဂလိပ်-မြန်မာစစ်ပွဲများဖြစ်ပွားနေချိန်ဖြစ်သည်။ ကုလား၊ ကသည်း စစ်ကာလအတွင်း ဦးရွှန်းသည် စစ်သူကြီးမဟာဗန္ဓုလနှင့်အတူ လက်ရုံးရည်ဖြင့်ပါ အမှုတော်ကိုရှပ်ရှပ်ချွံချွံ ရဲရဲရင့်ရင့်ထမ်းသည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ဘွဲ့သည် အစု ၄၀ တော် သူရရွှေတောင်သွေးသောက်မှာ အမှုထမ်းသည်။ နောက်ပညာရှိခန့်သည်။

ဦးရွှန်းသည် လက်ရုံးရည် နှလုံးရည်နှင့်ပြည့်စုံသောကြောင့် ဘကြီးတော်စစ်ကိုင်းမင်းက "ခန့်တိုင်းကုံ"ဟူ၍ မိန့်တော်မူပြီး ပုဂံမြို့ကိုအုပ်ချုပ်ရန် ဗိုလ်ဝန်ခန့်သည်။ ထို့ပြင် ဆီမီးခုံရွာ၊ သာထွန်းရွာ၊ ငနန်ရွာ၊ မြစ်ကိုင်းရွာတို့ကို ရာဇဝတ်ရေးနှင့်တကွရွာစားသနားတော်မူသည်။

အဝတ်အဆင်တန်ဆာအနေဖြင့်လည်း-

၁။ ဘိလပ်ဝတ်လုံဘဲရန်သတ်

၂။ နှစ်ထပ်ခြူးရစ်နားတောင်

၃။ စလွယ်

၄။ ဇောင်းကတ္တီပါနီ

၅။ ရွှေထီးတို့ကို သနားတော်မူခံရသည်။

ထိုအကြောင်းများကို ဦးရွှန်းကိုယ်တိုင်က သုတသောမပျို့၌-

"မှုတော်ထမ်းက၊ အစမ်းအစုံ
ခန့်တိုင်းကုံဟု၊ ဝတ်လုံဘိလပ်
ဘဲရန်သပ်နှင့်၊ နှစ်ထပ်ခြူးရစ်
နားရွှောင်းသစ်လျက်၊ သင်းကျစ်နီမောင်း

ပထမဆုံးရရှိခဲ့သော ဘွဲ့တံဆိပ်မှာ ရွှေတောင်ကျော်ထင်နော်ရထာဘွဲ့ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ဦးရွှန်းရရှိခဲ့သောတံဆိပ်လေးမျိုးကို မဟာဝင်ပျို့နိဂုံး၌-

"မြေးတော်နောင်၌၊ ရွှေတောင်ကျော်ထင်နော်ရထာ
မြင့်ကာတက်တိုး၊ နေမျိုးနော်ရထာကျော်ထင်
ထို့ပြင်ဆင့်တိုး၊ နေမျိုးမင်းလှကျော်
မည်တော်သာယာ၊ မဟာမင်းလှမင်းခေါင်ကျော်"

ဟူ၍ ရေးဖွဲ့ထားသည်။ မြေးတော်နောင်ဆိုသည်မှာ ဘိုးတော် ဗဒုံမင်း၏မြေးတော် နှစ်ဦးတွင် သာယာဝတီမင်း၏ နောင်တော်ဘကြီးတော်စစ်ကိုင်းမင်းကိုဆိုခြင်းဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ရသောတံဆိပ်လေးမျိုးမှာ-

၁။ ရွှေတောင်ကျော်ထင်နော်ရထာ

၂။ နေမျိုးနော်ရထာကျော်ထင်

၃။ နေမျိုးမင်းလှကျော်

၄။ မဟာမင်းလှမင်းခေါင်ကျော်ဘွဲ့တို့ဖြစ်သည်။

ထို့ကြောင့် ဦးရွှန်းသည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ ဘွဲ့တံဆိပ်တော်လေးခုသာရရှိခဲ့သည်။

**သာယာဝတီမင်းလက်**

ဘကြီးတော်စစ်ကိုင်းမင်းကို နန်းချပြီး ညီတော်သာယာဝတီမင်းသည် သက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် နန်းတက်သည်။ သာယာဝတီမင်းလက်ထက်တွင်လည်း ဦးရွှန်းကို နောင်တော်စစ်ကိုင်းမင်းနည်းတူ မဟာမင်းလှမင်းခေါင်ကျော်ဘွဲ့ကိုပင် ထပ်မံချီးမြှင့်ခံရသည်။ ထိုအကြောင်းကို မဟော်ဥမင်ခန်းပျို့နိဂုံး၌-

"အမရကို၊ ဒုတိယတည်
ရွှေဘုန်းစည်သား၊ ဇာနည်ငွေသွင်
ဆဒ္ဒါန်ရှင်လည်း၊ ကြည်လင်နာမံ
သနားခံဟု၊ ပုဂံဝန်ပြီး
ဆောင်းရွှေထီးနှင့်၊ ဆီမီးခုံရွာ
ပိုင်စားခါက၊ ပညာလက်ရုံး
နှစ်လုံးရှမျှော်၊ ရွှေခွန်းဖော်၍
နောင်တော်ဘုရား၊ သနားနှင့်ဟောင်း
မည်မပြောင်းဘဲ၊ ထပ်လောင်းသာကြည်
ရွှေဘွဲ့ချည်သည်၊ မည်ရည်ရှေးထက်မနိမ့်တည်း"

ဟူ၍ ရေးဖွဲ့ထားသည်။ ထို့ပြင် သရဘင်္ဂပျို့နိဂုံး၌လည်း-

"အမရပူရာ၊ ကမ္ဘည်းသာသည်
ရတနာသိင်္ဂ၊ နှစ်ဌာနကို
ဒုတိယတည်၊ ရွှေဘုန်းစည်သား
ဇာနည်ငွေရောင်၊ ဆဒ္ဒန်ပြောင်နှင့်
ကုန်းဘောင်နေဆင့်၊ ရှစ်ဆက်ပွင့်တွင်
ရှင်ပင်သာသနာ၊ ထွန်းလင်းခါ၌
မဟာမင်းလှမင်းခေါင်ကျော်၊ ရွှေဘွဲ့တော်ကြီး
နှစ်ထပ်ချီးသား၊ ဆီးမီးခုံစံ
ပုဂံမြို့ရွာ၊ ဝန်ပြီးခါလျှင်"ဟူ၍ ရေးဖွဲ့ထားသည်။

ထို့ကြောင့် ဦးရွှန်းသည် သာယာဝတီမင်းလက်ထက်၌ မဟာမင်းလှမင်းခေါင်ကျော်ဘွဲ့နှင့်ပင် ပုဂံမြို့ဝန်ဆီမီးခုံရွာစားများကို ဆက်လက်ချီးမြှင့်သူကောင်းပြုခံရကြောင်း တွေ့ရသည်။ ဦးရွှန်းကို ပညာရှိအရာနှင့် ချီးမြှောက်သည်သာမက ဦးရွှန်း၏ သား၊ မယားအခြွေအရံများကိုပါ စားဝတ်နေထိုင်ရေးအတွက် သူကောင်းပြုခံရသည်။

**ပုဂံမင်းလက်ထက်**

သာယာဝတီမင်း၏ အရိုက်အရာကို သားတော်ပုဂံမင်းသည် ၁၂၀၈ ခုနှစ်တွင် ဆက်ခံခဲ့သည်။ ပုဂံမင်းလက်ထက်၌ စာဆိုတော်ဦးရွှန်းကို မည်သို့ဆက်လက်သူကောင်းပြုခဲ့သည်ကို မသိရပေ။ ဥမ္မာဒန္တီပျို့နိဒါန်းတွင် သာယာဝတီမင်းနည်းတူ ချီးမြှင့်သူကောင်းပြုခံရကြောင်း ဖော်ပြထားသည်။

**မင်းတုန်းမင်းလက်ထက်**

မင်းတုန်းမင်းသည် နောင်တော်ပုဂံမင်း အရိုက်အရာကို ၁၂၁၄ ခုနှစ်တွင် ဆက်ခံသည်။ မင်းတုန်းမင်းလက်ထက်တွင် အဝေးကျိဝန်ရာထူးကိုလည်းပေးခဲ့သည်။ ထို့ပြင် မဟာနန္ဒသကြိဟူသော ဘွဲ့ကိုလည်း ချီးမြှင့်ခဲ့သည်။ ထိုအကြောင်းကို စာဆိုကိုယ်တိုင်က မဟာဝင်ပျို့၌-

"သားတော်သိုက်ဝင်၊ တို့အရှင်မူ
လူတွင်လူကြီး၊ ရှေးအတီလည်း
ထံနီးတုပ်ကွ၊ ဦးစွာခဟု
စိတ်ကညာတာ၊ နှစ်သက်ရာတွင်
မဟာနန္ဒသကြိ၊ ဘွဲ့နာမံနှင့်
စံသည်သင်္ချာ၊ ခုနစ်ခါတွင်
မဟာမဟာ၊ မဟာသုံးဆင့်
သုံးကြိမ်ပွင့်သည်"ဟူ၍ ရေးဖွဲ့ထားခဲ့သည်။

အချုပ်ကိုဆိုရသော် ဦးရွှန်းသည် ဘိုးတော်ဗဒုံမင်းမှစ၍ မင်းတုန်းမင်းထိ မင်းငါးဆက်တိုင်တိုင် သိမီခဲ့၊ အမှုထမ်းခဲ့သော ပညာရှိအမတ်ကြီးဖြစ်သည်။ မင်းငါးဆက်တွင် ဘွဲ့တံဆိပ် ခုနစ်ခုရရှိခဲ့သည်။ ထိုရရှိခဲ့သော ခုနစ်ဘွဲ့ကို အစဉ်အတိုင်းရေးသားဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်သည်။

၁။ စန္ဒကျော်ခေါင်(ဘိုးတော်ဗဒုံမင်းလက်ထက်)

၂။ ရွှေတောင်ကျော်ထင်နော်ရထာ(ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်)

၃။ နေမျိုးနော်ရထာကျော်ထင်(ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်)

၄။ နေမျိုးမင်းလှကျော်(ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်)

၅။ မဟာမင်းလှမင်းခေါင်ကျော်(ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်)

၆။ မဟာမင်းလှမင်းခေါင်ကျော်(သာယာဝတီမင်းလက်ထက်)

၇။ မဟာနန္ဒသကြိ(မင်းတုန်းမင်းလက်ထက်)

ယခင်က မင်းတုန်းမင်းလက်ထက်ရရှိခဲ့သော မဟာနန္ဒသကြိဘွဲ့ကိုမသိကြပေ။ ဦးရွှန်းရေးခဲ့သော မဟာဝင်ပျို့ကိုရှာတွေ့မှသာ မင်းတုန်းမင်းလက်ထက်၌ မဟာနန္ဒသကြိဘွဲ့ရရှိကြောင်း သိရသည်။ ဦးရွှန်းရရှိခဲ့သော ဘွဲ့တံဆိပ်များကို ကြည့်ခြင်းအားဖြင့် ရှေးကတံဆိပ်တစ်ခုနှင့်တစ်ခု အဆင့်အတန်းကွာခြားချက်ကိုပါ လေ့လာသိရှိနိုင်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြှင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# သည်တန်ခူး ရှင်မြူး နှစ်ဦးသကြ်န်ခါ

- ပိတောက်တွေ ရွှေရည်လူး
အတာကူး အချိန်ခါ၊
ဝမ္မဆောင် အလှူဒါန်းနှင့်
မင်္ဂလမ်းကိုရှာ၊
မဏ္ဍပ်ထိုး စတုဒိသာ
ကျွေးမွေးကာ ပျော်မဆုံး၊
ဒါသီဘာ မြတ်ကောင်းမှု
ပေါင်းပြုရှင်ပြုံး။

- အေးချမ်းစေ မြတ်နှလုံး
ခြယ်မှုန်းကြ အများလူ၊
သင်္ကြန်ရေ သွန်းကာလောင်း
ကောင်းကြောင်းပေမူ၊
ယိမ်းနွဲ့က လှပျိုဖြူ
အတူတူ ဆင်ယင်နွဲ၊
ကောင်းခြင်းစုံ မင်္ဂလာထပ်တဲ့
မြတ်သင်္ကြန်ပွဲ။

- ကုသိုလ်ဆောင် အစဉ်မြဲ
ဘေးမဲ့ပွဲ ပြုရာမြေ၊
လောကုတ်ရည် ဒုလ္လဘ
ဝတ်ကြပါပေ၊
လောကီလည်း လှပနေ
မျှတစေ လတန်ခူး၊
ဘုရားကျောင်းကန်
တရားကောင်းမှန် စည်ဝေနေလို့
(ကွယ်. . .)
မနောကြည်နူး။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၄၈၃၃၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မွန်မြို့ ဧပြီ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပဲတီစိမ်း ၄၈၃၃၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၈၄၆၁၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ပဲတီစိမ်းစိုက်ခင်းများကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ပဲတီစိမ်း ၄၈၃၃၁ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်း တစ်ဧကလျှင် ၂၀ ဒသမ ၀၁ တင်း ထွက်ရှိကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ ပဲတီစိမ်းဧက ၈၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ရိတ်သိမ်းနေတဲ့ ပဲတီစိမ်းတွေကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေကို လိုအပ်တဲ့ သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာ ပဲတီစိမ်းတွေ ဧက ၄၈၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ကျန်တဲ့ ပဲတီစိမ်းဧကတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်။ ဓာတ်မြေဩဇာအစားထိုး မြေဩဇာတွေ လုပ်ဆောင်အသုံးပြုတတ်ဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဆက်စပ်ဌာနတွေ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၄၆၁၉ ဧကကို မြောင်းမြမြို့နယ်တွင် ပဲတီစိမ်း ၈၂၂၀ ဧက၊ အိမ်မဲမြို့နယ်တွင် ပဲတီစိမ်း ၃၂၉၆၅ ဧက၊ ဝါးခယ်မမြို့နယ်တွင် ပဲတီစိမ်း ၄၃၄၃၄ ဧကစိုက်ပျိုးခဲ့ပြီး လက်ရှိ ပဲတီစိမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြောင်းမြမြို့နယ်၌ ၁၄၅၀ ဧက၊ အိမ်မဲမြို့နယ်၌ ၃၁၈၉၄ ဧက၊ ဝါးခယ်မမြို့နယ်၌ ၁၄၉၈၇ ဧက စုစုပေါင်း ၄၈၃၃၁ ဧက ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လင်းခေးမြို့နယ် တိမ်းကွမ့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**လင်းခေး ဧပြီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိမ်းကွမ့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ တိမ်းကွမ့်ကျေးရွာ၌ အရှည်ပေ ၇၅၀၊ အကျယ် ကိုးပေနှင့်အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

လင်းခေးမြို့နယ် တိမ်းကွမ့်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၈၈ သန်း စုစုပေါင်း ငွေကျပ် ၁၅ ဒသမ ၈၈ သန်း အသုံးပြု၍ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ပြီးစီးပြီဖြစ်၍ တိမ်းကွမ့်ကျေးရွာ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ယခင်ထက် ပိုမိုလွယ်ကူချောမွေ့စွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# မိုင်းကိုင်မြို့နယ်ရှိ ပန်းလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းကိုင် ဧပြီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းလုံကျေးရွာ၊ ဆွမ်မွမ်းကျေးရွာနှင့် နမ့်ပါလုတ်ကျေးရွာအတွက် သတ္တမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ပန်းလုံကျေးရွာ၌ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ပန်းလုံကျေးရွာ၊ဆွမ်မွမ်းကျေးရွာနှင့် နမ့်ပါလုတ်ကျေးရွာရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် သိန်း ၅၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပန်းလုံကျေးရွာ၊ ဆွမ်မွမ်းကျေးရွာနှင့် နမ့်ပါလုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊အသင်းသူ ၆၁ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# နိုင်ငံတကာ သတင်းများ

## ဗင်နီဇွဲလားသမ္မတ၏ ရုရှားခရီးစဉ်အတွက် နှစ်နိုင်ငံတာဝန်ရှိသူများ ပြင်ဆင်မှုပြုလုပ်

**မော်စကို မေ ၃**

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရို၏ ရုရှားခရီးစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်ကမေ ၂ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ဗင်နီဇွဲလားသမ္မတ၏ ရုရှားနိုင်ငံခရီးစဉ်သည် ရုရှားနှင့်ဗင်နီဇွဲလားတို့ကြား ဆက်ဆံရေးဆက်လက်အားကောင်းခိုင်မာနေမှု၏ ပြယုဂ်ဖြစ်သည်။

ကမ္ဘာပေါ်၌ ရေနံအများဆုံးထုတ်လုပ်သည့်နိုင်ငံများ ဖြစ်ကြသော ရုရှားနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံတို့သည် အမေရိကန်နိုင်ငံဦးဆောင်သည့် အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေးတင်းမာနေကြသော နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဗင်နီဇွဲလားသမ္မတ မာဒူရို၏ ရုရှားခရီးစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ဒီမီထရီပက်စကော့ဗ်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

သို့သော် ဗင်နီဇွဲလားသမ္မတ၏ ရုရှားခရီးစဉ် စတင်မည့်နေ့ကို နှစ်ဖက်စလုံးက အတည်ပြုသတ်မှတ်ရန်သာ ကျန်ရှိတော့ကြောင်း ဒီမီထရီပက်စကော့ဗ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်အဖြစ် ရပ်တည်ခဲ့ပြီး ရုရှား၏ ယူကရိန်းစစ်ပွဲကိုလည်း သံတမန်ရေးအရ အားပေးထောက်ခံခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## တူကီယဲ၌ နိုက်ကလပ်မီးလောင်မှုဖြစ်ပွား လူပေါင်း ၂၉ ဦး သေဆုံးခဲ့ရ

**အင်ကာရာ မေ ၃**

တူကီယဲနိုင်ငံ အင်ကာရာမြို့၌ နိုက်ကလပ် အဆောက်အအုံတစ်ခု၌ မေ ၂ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၂၉ဦး သေဆုံးခဲ့ရကြောင်း တူကီယဲတာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ နိုက်ကလပ်အဆောက်အအုံသည် နေ့ပိုင်းကာလအတွင်း ပြုပြင်မွမ်းမံမှုများ ပြုလုပ်နေစဉ် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

၎င်းနိုက်ကလပ်အဆောက်အအုံတွင် ဝင်ပေါက်၊ထွက်ပေါက် တစ်ခုတည်းသာရှိရာ မီးလောင်မှုဖြစ်ပွားစဉ်အထဲတွင် ပိတ်မိနေသူများမှာ မီးခိုးမွန် သေဆုံးခဲ့ကြရခြင်းဖြစ်ကြောင်း တူကီယဲတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုက်ကလပ် အဆောက်အအုံ မီးလောင်ကျွမ်းမှု စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အရ လက်ရှိတွင် တူကီယဲအာဏာပိုင်များက လူရှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်။

ပြုပြင်မွမ်းမံရေး လုပ်ငန်း၌ လျှပ်စစ်ဂဟေဆော်ရာမှ ထွက်ပေါ်လာသည့်မီးပွားများကြောင့် နိုက်ကလပ်အဆောက်အအုံမီးလောင်မှု စတင်ခဲ့ရခြင်း ဖြစ်နိုင်ကြောင်း တူကီယဲတာဝန်ရှိသူများက ယူဆထားသည်။

ယင်းနိုက်ကလပ် အဆောက်အအုံသည် အထပ် ၁၆ ထပ်ပါ အထပ်မြင့်အဆောက်အအုံတစ်လုံး၏ မြေအောက်ထပ်နှစ်ထပ်တွင် တည်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့ ဖုန်းခေါ်ဆိုဆွေးနွေး



**ဝါရှင်တန် မေ ၃**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် မေ ၂ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် တရုတ်(ထိုင်ဝမ်)အရေး၊ တောင်တရုတ်ပင်လယ် အရေးနှင့် နိုင်ငံတကာလုံခြုံရေးပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော် သတင်းထုတ်ပြန်ချက်အရ သိရသည်။

မေ ၂ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် တရုတ်နှင့်အမေရိကန်ခေါင်းဆောင်များကြား ပုံမှန်နီးနှောဆွေးနွေးမှုများ ပြန်လည်စတင်လာနိုင်မှုကို ပြသနေကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မေ ၂ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း တရုတ်နှင့်အမေရိကန်ခေါင်းဆောင်များကြား ပထမဆုံးဆွေးနွေးပွဲ ဖြစ်ကြောင်း သိရသည်။

သမ္မတဂျိုးဘိုင်ဒင်နှင့် သမ္မတရှီကျင့်ဖျင်တို့သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်နှင့် အမေရိကန်ခေါင်းဆောင်များ၏ မေ ၂ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည်ပွင့်လင်း၍ အပြုသဘောဆောင်သည့် ဆွေးနွေးပွဲဖြစ်ခဲ့သည်ဟု အိမ်ဖြူတော်က ကြေညာထားကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## အဲဘတ်စ်ကုမ္ပဏီက ယခုနှစ် ပထမသုံးလပတ်အတွင်းမှာယူထားသည့် လေယာဉ်အစင်းပေါင်း ၁၄၂ စင်းကို လွှဲပြောင်းပေးနိုင်ခဲ့

**ပဲရစ် မေ ၃**

ဥရောပအခြေစိုက် အဲဘတ်စ်ကုမ္ပဏီသည် ယခုနှစ်ပထမသုံးလပတ်အတွင်း မှာယူထားသည့် လေယာဉ်အစင်းပေါင်း ၁၄၂ စင်းကို မှာယူထားသူများထံ လွှဲပြောင်းပေးနိုင်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားတင်ပြထားကြောင်း သိရသည်။

ယခုနှစ် ပထမသုံးလပတ်အတွင်း အဲဘတ်စ်ကုမ္ပဏီက ဝယ်ယူထားသူများထံ လက်လွှဲပေးအပ်နိုင်ခဲ့သည့် လေယာဉ်အရေအတွက်မှာ ယမန်နှစ် အလားတူကာလကထက် ၁၂ ရာခိုင်နှုန်းပို၍ မြင့်မားလာကြောင်း နိုင်ငံတကာ လေကြောင်းစက်မှုလောက သတင်းအရင်းအမြစ်များက ပြောကြားထားကြောင်း သိရသည်။

ယခုနှစ် ပထမသုံးလအတွင်း ဝယ်သူများထံ လွှဲပြောင်းပေးနိုင်ခဲ့သည့် လေယာဉ်အစင်းရေသတင်းနှင့်ပတ်သက်၍ အဲဘတ်စ်ကုမ္ပဏီက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိခဲ့ကြောင်း သိရသည်။

အဲဘတ်စ်ကုမ္ပဏီသည် ယခုနှစ်အတွင်း သုံးလတစ်ကြိမ် ဝယ်သူများထံ လွှဲပြောင်းပေးမည့် လေယာဉ်အရေအတွက်ကို သတင်းထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။

သို့သော် ယခုနှစ်အတွင်း လေယာဉ်အစင်းရေ ၈၀၀ထိ မှာယူထားသူများထံ လွှဲပြောင်းပေးနိုင်ရန် ရည်မှန်းထားကြောင်း အဲဘတ်စ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် အဲဘတ်စ်ကုမ္ပဏီသည် ကိုယ်ထည်ကျဉ်းခရီးသည်တင်လေယာဉ် တည်ဆောက်ရောင်းချရေးလောကကို ဆက်လက်လွှမ်းမိုး ထားနိုင်ဆဲဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ကရိုးကပ်စ်စီးတီးဂီတခန်းမဆောင် အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ရုရှား၌ စစ်မှုထမ်းဆောင်ရန်လက်မှတ်ရေးထိုးသူမြင့်တက်လာ

**မော်စကို မေ ၃**

မော်စကိုမြို့အနီးရှိ ကရိုးကပ်စ်စီးတီးဂီတခန်းမဆောင် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရပြီး နောက်ပိုင်း ရုရှား လက်နက်ကိုင်တပ်များ၌ စစ်မှုထမ်းဆောင်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးသူအရေအတွက် မြင့်တက်လာကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်စပိုင်းမှစ၍ ရုရှား လက်နက်ကိုင်တပ်များ၌ မိမိဆန္ဒအလျောက် ပါဝင်အမှုထမ်းရန် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးခဲ့သူ ဦးရေ ၁၀၀၀၀၀ ကျော်ရှိခဲ့ပြီး ပြီးခဲ့သည့် ၁၀ ရက်တာအတွင်းမှာပင် လူပေါင်း၁၆၀၀၀ထိ စစ်မှုထမ်းရန် လက်မှတ်ရေးထိုးခဲ့သည်ဟု ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

အထူးသဖြင့် ကရိုးကပ်စ်စီးတီးဂီတခန်းမဆောင် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရပြီးနောက် ရုရှား လက်နက်ကိုင်တပ်များ၏စစ်မှုထမ်းရန်ဝင်ရောက်လာသူအရေအတွက် သိသိသာသာမြင့်တက်လာကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။



ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရုရှားမြို့ကြီးများ၌ ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းချက်များအရ စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်မည့်သူအများစုမှာ ကရိုးကပ်စ်စီးတီး အကြမ်းဖက်မှုတွင် သေဆုံးခဲ့ရသူများအတွက် လက်တုံ့ပြန်လိုသူများဖြစ်ကြကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

မတ် ၂၂ ရက်တွင် ဖြစ်ပွားခဲ့သည့် ကရိုးကပ်စ်စီးတီးအကြမ်းဖက်မှုတွင် လူပေါင်းအနည်းဆုံး ၁၄၄ဦး သေဆုံးခဲ့ရသည်။

ကရိုးကပ်စ်စီးတီး အကြမ်းဖက်တိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း အစ္စလာမ်မစ်စစ်သွေးကြွအုပ်စုက ကြေညာထားသော်လည်း အကြမ်းဖက်မှု ကျူးလွန်သူများမှာ ယူကရိန်းနှင့် ဆက်စပ်မှုရှိသည်ဟု ရုရှားအစိုးရက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်က ပလူတိုဂြိုဟ်သိမ်ကို ပြည်နယ်ကိုယ်စားပြုဂြိုဟ်အဖြစ် တရားဝင်သတ်မှတ်ကြေညာထား



**ဝါရှင်တန် ဧပြီ ၃**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်သည် ပလူတိုဂြိုဟ်သိမ်ကို ပြည်နယ်ကိုယ်စားပြုဂြိုဟ်အဖြစ် တရားဝင် သတ်မှတ်ကြေညာထားကြောင်း ဧပြီ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပလူတိုဂြိုဟ်သိမ်ကို နိုင်ငံတကာသိပ္ပံပညာရှင်များက ဂြိုဟ်အမျိုးအစားအဖြစ်မှ လျှော့ချ၍ ဂြိုဟ်သိမ်အဖြစ် သတ်မှတ်ထားသည့်တိုင် အရီဇိုးနားပြည်နယ်က ပလူတိုဂြိုဟ်သိမ်ကို ပြည်နယ်ကိုယ်စားပြုဂြိုဟ်အဖြစ် သတ်မှတ်ကြေညာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ၌ အရီဇိုးနားပြည်နယ် ပါဝင်ခဲ့မှုကို ဂုဏ်ပြုသည့်အနေဖြင့် ပလူတိုဂြိုဟ်သိမ်ကို ပြည်နယ်ကိုယ်စားပြုဂြိုဟ်အဖြစ် အရီဇိုးနားပြည်နယ် တာဝန်ရှိသူများက ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ပလူတိုဂြိုဟ်သိမ်ကို ပြည်နယ်ကိုယ်စားပြုဂြိုဟ်အဖြစ်သတ်မှတ်ရေးအဆိုကို အရီဇိုးနားပြည်နယ်လွှတ်တော်၌ ထောက်ခံမဲ ၅၂ မဲ၊ ကန့်ကွက်မဲ သုညတို့ဖြင့် မတ် ၃၀ ရက်က အတည်ပြုခဲ့ပြီးဖြစ်သည်။

ပလူတိုဂြိုဟ်သိမ်ကို ၁၉၃၀ ပြည့်နှစ်တွင် အရီဇိုးနားပြည်နယ် လိုဝဲလ်နက္ခတ်တာရာလေ့လာရေးစခန်းမှ သိပ္ပံပညာရှင် လိုက်တွမ်ဘော့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ၂၀၀၆ ခုနှစ်တွင် နိုင်ငံတကာ နက္ခတ္တဗေဒသမဂ္ဂက ပလူတိုကို ဂြိုဟ်အဖြစ်မှ ပယ်ဖျက်၍ ဂြိုဟ်သိမ်တစ်စင်းအဖြစ် ပြောင်းလဲ သတ်မှတ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်အာကာသလူသယ်ယာဉ်တစ်စင်း၏ အစိတ်အပိုင်းတစ်ခု ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့

**ပေကျင်း ဧပြီ ၃**

တရုတ်အာကာသလူသယ်ယာဉ်တစ်စင်း၏ အစိတ်အပိုင်းတစ်ခုသည် ဧပြီ ၂ ရက် နံနက်ပိုင်းက ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

တရုတ်အာကာသလူသယ်ယာဉ် အစိတ်အပိုင်း ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာမှုကို ဆက်ကရာမင်တိုနယ်မြေမှသည် ဆန်ဒီယေဂိုထိပါဝင်သော ကယ်လီဖိုးနီးယား တောင်ပိုင်းမှ အမေရိကန်နိုင်ငံသားများ တွေ့မြင်နိုင်ခဲ့ကြသည်။

အမေရိကန်ဥက္ကာခဲလေ့လာရေးအသင်း၏အဆိုအရ ကယ်လီဖိုးနီးယားပြည်နယ်၌ ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်လာသော တရုတ်အာကာသလူသယ်ယာဉ် အစိတ်အပိုင်းမှာ ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်၏ အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။



တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလက တီယန်ကောင်း အာကာသစခန်းဆီသို့ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာသည့် ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်သည် အလေးချိန် ကီလိုဂရမ် ၁၅၀၀ ထိရှိကြောင်း သိရသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်လာသည့် တရုတ်အာကာသယာဉ် အစိတ်အပိုင်းများအနက် အကြီးမားဆုံးမှာ အလေးချိန် ၂၃ တန်ရှိသည့် လောင်းမတ်ချ်-၅ ဘီ ဒုံးပျံပင်မကိုယ်ထည်အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## လာမည့်ဧပြီ ၈ ရက်တွင် ပေါ်ပေါက်မည့် နေအပြည့်ကြတ်မှုဖြစ်စဉ်ကာလအတွင်း 12P/Pons-Brooks ကြယ်တံခွန်ကို မြင်တွေ့ရနိုင်

**ဝါရှင်တန် ဧပြီ ၃**

လာမည့် ဧပြီ ၈ ရက်တွင် ပေါ်ပေါက်မည့် နေအပြည့်ကြတ်မှုဖြစ်စဉ်ကာလအတွင်း 12P/Pons-Brooks ကြယ်တံခွန်ကို မြင်တွေ့ရနိုင်ကြောင်း ဧပြီ ၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် 12P/Pons-Brooks ကြယ်တံခွန်ကို မြောက်ယဉ်စွန်းတန်းဒေသ ညကောင်းကင်၌ တွေ့မြင်နိုင်ကြောင်း သိရသည်။

သို့ရာတွင် ဧပြီ ၈ ရက် နေအပြည့်ကြတ်မှု ဖြစ်စဉ်ကာလအတွင်းတွင်လည်း 12P/Pons-Brooks ကြယ်တံခွန်ကို ရှားရှားပါးပါး တွေ့မြင်နိုင်ဖွယ်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

12P/Pons-Brooks ကြယ်တံခွန်သည် နေကို ၇၁ နှစ်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေသော ကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။

အဆိုပါကြယ်တံခွန်သည် လာမည့် ဧပြီ ၂၁ ရက်တွင် နေကို အနီးဆုံးမှတ်မှ ဖြတ်သန်းမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ဧပြီ ၈ ရက် နေအပြည့်ကြတ်ချိန်တွင် 12P/Pons-Brooks ကြယ်တံခွန်သည် နေနှင့် အထိုက်အလျောက် နီးကပ်သည့် နေရာတွင် ရှိနေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ပဋိဇီဝဆေးယဉ်ပါးပက်တီးရီးယားရောဂါများအတွက် ဆေးဝါးအမျိုးအစားသစ်တစ်မျိုးဖော်ထုတ်ထား

**တောဟုမ်း ဧပြီ ၃**

ပဋိဇီဝဆေးယဉ်ပါးဗက်တီးရီးယားရောဂါများအတွက် ဆွီဒင်သုတေသနပညာရှင်များက ဆေးဝါးအမျိုးအစားသစ် တစ်မျိုးကို ဖော်ထုတ်ထားကြောင်း ဧပြီ ၂ ရက် သတင်းများအရ သိရသည်။

အပ်ဆာလာတက္ကသိုလ်မှဆွီဒင်သုတေသနပညာရှင်များ ဖော်ထုတ်ထားသော ဆေးဝါးအမျိုးအစားသစ်သည် ဆေးယဉ်ပါးဗက်တီးရီးယားများကို ရှင်းလင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

ကြွက်များတွင် ပြုလုပ်ခဲ့သော စမ်းသပ်မှုရလဒ်များအရ အဆိုပါဆေးအမျိုးအစားသစ်သည် ကြွက်များ၏ သွေးလည်ပတ်မှုလမ်းကြောင်း ကူးစက်ရောဂါများကို ကုသရာတွင် ထိရောက်မှုရှိသည်ကိုတွေ့ရကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ ဆေးအမျိုးအစားသစ်သည် ဆေးယဉ်ပါးဗက်တီးရီးယားများ၏ ပရိုတင်းတစ်မျိုးကို ပစ်မှတ်ထားခြင်းဖြင့် ဆေးယဉ်ပါးဗက်တီးရီးယားများကို ဖျက်ဆီးနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် ဆွီဒင်သုတေသနပညာရှင်များသည် ၎င်းတို့၏ ဆေးအမျိုးအစားသစ်ကို လူသားလူနာများဖြင့် လက်တွေ့စမ်းသပ်မှုများပြုလုပ်ရန် စီစဉ်ထားသည်။

ပဋိဇီဝဆေးယဉ်ပါး ဗက်တီးရီးယားများပြဿနာကို တစ်ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးပြဿနာအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံထားသူများ လအနည်းငယ်အတွင်း ခုခံအားကျဆင်းသွားနိုင်

**တောဟုမ်း ဧပြီ ၃**

မျောက်ကျောက်ရောဂါကာကွယ်ဆေး၏အာနိသင်သည် ဆေးနှစ်လုံးထိ ထိုးနှံထားသူများ ထိုးနှံပြီး လအနည်းငယ်အတွင်း ခုခံအားကျဆင်းသွားနိုင်ကြောင်း ဧပြီ ၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ဆွီဒင်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးကထုတ်ပေးသည့် ပဋိပစ္စည်းအဆင့်သည် ထိုးနှံပြီး ပထမဆုံးလအနည်းငယ်အကြာမှာပင်အားပျော့သွားခြင်း၊ လုံးဝကွယ်ပျောက်သွားခြင်းများရှိတတ်ကြောင်း သိရသည်။

မျောက်ကျောက်ရောဂါ ကာကွယ်ဆေးကို နှစ်လုံးထိထိုးနှံထားသူများမှာပင် ခုခံအားစနစ်အတွင်း ပဋိပစ္စည်းများ လျင်မြန်စွာကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံထားသည့်အမျိုးသား ၁၀၁ ဦးတို့ကို အချိန်ယူလေ့လာခဲ့ကြသည်။

အထက်ပါလေ့လာချက်တွင် ပါဝင်သူ လူနာများအနက် ထက်ဝက်ခန့်မှာ ဒုတိယမြောက်ကာကွယ်ဆေးထိုးနှံခဲ့ပြီး ၂၈ ရက်အကြာတွင် ပဋိပစ္စည်းအဆင့် စတင်ကျဆင်းလာတတ်ကြောင်း ဆွီဒင်သုတေသန ပညာရှင်များက ပြောကြားသည်။

မျောက်ကျောက်ရောဂါဖြစ်ပွားမှုများသည် ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်ကာလတွင် ဥရောပနိုင်ငံများ၌ မြင့်တက်လာခဲ့သော်လည်း ကာကွယ်ဆေးများပေါ်ထွက်လာပြီးနောက် ဖြစ်ပွားမှုနှုန်းကျဆင်းခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



နိုင်ငံတကာ
အားကစားသတင်းများ

# ခံစစ်ကစားသမား မာတီနက်ဇ်နှင့် လင်ဒီလော့တို့ တစ်လခန့်အနားယူရမည်ဟု မန်ယူအသင်းထုတ်ပြန်

**မန်ချက်စတာ ဧပြီ ၃**

မန်ယူအသင်းမှ ခံစစ်ကစားသမား လင်ဒီလော့သည် ဘရန့်ဖို့ဒ်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီး မာတီနက်ဇ်အနေဖြင့် အင်္ဂါနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာရရှိခဲ့သောကြောင့် တစ်လခန့်အနားယူရမည်ဟု အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

လင်ဒီလော့သည် ဘရန့်ဖို့ဒ်အသင်းနှင့်ပွဲစဉ် ပွဲကစားချိန် ၆၉ မိနစ်၌ တံကောက်ကြောဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား မာတီနက်ဇ်နှင့် လူစားလဲထွက်ခွာခဲ့ရပြီး ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ တစ်လခန့် အနားယူရမည်ဖြစ်သောကြောင့် လာမည့် ဧပြီလအတွင်း ကစားရမည့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်ပြီး ၎င်းအနေဖြင့် ပြီးခဲ့သည့်ဒီဇင်ဘာလကလည်း ဒူးဒဏ်ရာခွဲစိတ်မှုကြောင့် နှစ်လခန့်အနားယူခဲ့ရသဖြင့် ယခုနှစ်တွင် အသင်းအတွက် ပြိုင်ပွဲစုံ ၂၇ ပွဲ ပါဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

မာတီနက်ဇ်သည်လည်း ယခုနှစ်တွင် ခြေဖဝါးဒဏ်ရာခွဲစိတ်မှုကြောင့် လေးလခန့် အနားယူခဲ့ရပြီးနောက် ဒဏ်ရာမကြာခဏကြုံတွေ့နေရသူဖြစ်ပြီး ဘရန့်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်နိုင်ခဲ့သော်လည်း အင်္ဂါနေ့က ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ခြေသလုံးကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် တစ်လခန့် ထပ်မံအနားယူရမည်ဖြစ်၍ မန်ယူအသင်းအနေဖြင့် ခံစစ်ပိုင်းပြဿနာကိုဖြေရှင်းရန် အခက်ကြုံခဲ့ရကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ၂၀၀၃ ခုနှစ်နောက်ပိုင်း ပိုကယ်ဖလားဗိုလ်လုပွဲသို့ ကိုင်ဇာစလော့တန်အသင်း ပထမဆုံးအကြိမ်တက်ရောက်

**ဘာလင် ဧပြီ ၃**

ဂျာမန်ပိုကယ်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဆာဘတ်ကန်အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ကိုင်ဇာစလော့တန်အသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သောကြောင့် ၂၀၀၃ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုင်ဇာစလော့တန်အသင်းသည် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီက ဗိုလ်လုပွဲစဉ်သို့ နောက်ဆုံးတက်ရောက်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းနှင့်တွေ့ဆုံခဲ့ရာရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယနေရာဖြင့်သာကျေနပ်ခဲ့ရပြီး ဆယ်စုနှစ်တစ်ခုအကြာမှဗိုလ်လုပွဲသို့ ပထမဆုံးပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ပိုကယ်ဖလားပြိုင်ပွဲတွင် တတိယတန်းကလပ်ဆာဘတ်ကန်အသင်းသည်ဘိုင်ယန်မြူးနစ်အသင်း၊ ဖရန့်ဖတ်အသင်း၊ဂလာဘတ်အသင်းတို့ကိုအနိုင်ယူ၍ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သဖြင့် ဗိုလ်လုပွဲရောက်ရှိရန် မျှော်လင့်ချက်ရှိခဲ့သော်လည်း ဒုတိယတန်းကလပ် ကိုင်ဇာစလော့တန်အသင်းနှင့်တွေ့ဆုံခဲ့ရာ ပွဲစကတည်းက တိုက်စစ်မြှင့်ဖိအားပေးနိုင်ခဲ့ပြီး တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ရှိခဲ့သော်လည်း ကိုင်ဇာစလော့တန်အသင်းက ပွဲချိန် ၅၃ မိနစ်နှင့် ၇၅ မိနစ်တို့တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ကာ ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့သောကြောင့် ဆာဘတ်ကန်အသင်းအနေဖြင့် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်၍ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ကိုင်ဇာစလော့တန် အသင်းသည် ပိုကယ်ဖလားပြိုင်ပွဲတွင် ကိုလုံးအသင်း၊ နူရင်ဘတ်အသင်း၊ ဟာသာဘာလင်းအသင်း၊ ဆာဘတ်ကန်အသင်းတို့နှင့်တွေ့ဆုံခဲ့သဖြင့် ပွဲစဉ်ချောင်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် ဒူဆယ်ဒေါ့နှင့် လေဗာကူအသင်းတို့မှအနိုင်ရသည့် အသင်းနှင့် တွေ့ဆုံရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ❑ မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့က စိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမား ဖလိုရီယန်ဗုစ်ကို နည်းပြအလွန်ဆိုက လေဗာကူဆင်အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။
- ❑ ဆိုစီဒက်အသင်းက ရီးရဲလ်မက်ဒရစ်လူငယ်ကစားသမား အာဒါဂူလာကို လာမည့်နွေရာသီတွင် အငှားစာချုပ်ဖြင့် ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- ❑ ဘာစီလိုနာအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့် ရရှိထားသည့် ခံစစ်ကစားသမား အလွန်ဆိုသည် အေဘီကိုအသင်းသို့ ရောက်ရှိနိုင်ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။ ML

# Charleston Open တင်းနစ်ပြိုင်ပွဲတတိယအဆင့်သို့ ပီဂူလာတက်ရောက်



**ချာလီစတန် ဧပြီ ၃**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ချာလီစတန်မြို့တွင်ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ်များဖြစ်ကြသော ပီဂူလာနှင့် အန်နီစီမိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပီဂူလာက (၃-၆၊ ၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၅) နေရာတွင် ရပ်တည်နေသည့် ပီဂူလာသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြန်လည်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ပီဂူလာက ဒုတိယအဆင့်တွင် ယှဉ်ပြိုင်ကစားခဲ့ရသော အန်နီစီမိုဗာသည် ပုဂ္ဂိုလ်ရေးအရလည်း ရင်းနှီးသလို တစ်ဦးနှင့်တစ်ဦး ကစားပုံသိနေသည့်အတွက် ခက်ခဲသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

ပီဂူလာသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် အန်နီစီမိုဗာနှင့် နှစ်ကြိမ်တွေ့ဆုံယှဉ်ပြိုင်ခဲ့ဖူးပြီး နှစ်ကြိမ်စလုံးတွင် အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်း တစ်ရပ်ကိုလည်း ရရှိထားသည်။

ပီဂူလာက"အန်နီနဲ့နှစ်ပွဲကစားဖူးတယ်။ နှစ်ပွဲစလုံး ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့တယ်။ အန်နီဟာ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ဆိုတာ သူနဲ့ယှဉ်ပြိုင်ကစားဖူးသူတိုင်း သိပါတယ်။ အန်နီရဲ့ရိုက်ချက်တွေက တော်တော်လေးအားပါတယ်။ တင်းနစ်ရိုက်တံကို သေချာမကိုင်ထားရင် လက်ထဲကနေ လွတ်ကျသွားနိုင်တယ်။ သူ့ရဲ့ အားပါတဲ့ရိုက်ချက်တွေကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပြီး အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့လို့ အနိုင်ရခဲ့တာဖြစ်ပါတယ်။" ဟုပြောကြားခဲ့သည်။

ပီဂူလာသည် တတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် လင်နက်တီနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပြင်သစ်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲစဉ်သို့ လိုင်ယွန်အသင်းတက်ရောက်

**ပဲရစ် ဧပြီ ၃**

ပြင်သစ် ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်တွင် လိုင်ယွန်အသင်းနှင့် ဗလန်စီနက်စ်အသင်းတို့ တွေ့ဆုံခဲ့ရာ လိုင်ယွန်အသင်းက သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

လိုင်ယွန်အသင်းသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် ဥရောပယှဉ်ပြိုင်ခွင့်ရရှိရန် ရုန်းကန်နေရသော်လည်း ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် လိုင်လီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ်အဆင့်တွင် စထရာဘော့အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် လည်းကောင်း၊ ယခု ဆီမီးဖိုင်နယ်အဆင့်တွင် ဗလန်စီနက်စ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

လိုင်ယွန်အသင်းသည် ကိုပါဒယ်ရေးဖလားသမိုင်းတွင် ယခု တစ်ကြိမ်အပါအဝင် ဗိုလ်လုပွဲ ကိုးကြိမ်တက်ရောက်ခဲ့ရာ ငါးကြိမ်ဆုဖလားရယူနိုင်ခဲ့သကဲ့သို့ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ဗိုလ်လုပွဲသို့ သုံးကြိမ်သာ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲစဉ်ကို လာမည့် မေ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး လိုင်ယွန်အသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းနှင့် ရင်းနက်အသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။



**Ref : Xinhua**
**Trs : ML**

# ကင်မရွန်းလက်ရွေးစင်အသင်းက နည်းပြရာထူးအတွက် ဘယ်လ်ဂျီယံလူမျိုးနည်းပြ မာ့ခ်ဘရိုင်းကို ခန့်အပ်



**ရာအွန်ဒီ ဧပြီ ၃**

ကင်မရွန်းအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဘယ်လ်ဂျီယံလူမျိုး နည်းပြ မာ့ခ်ဘရိုင်းကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ကင်မရွန်းအသင်းသည် ပြီးခဲ့သည့် ဥရောပနိုင်ငံများ ဖလားပြိုင်ပွဲတွင် (၁၆)သင်း ရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် နည်းပြရီဂိုဘတ်ဆောင်းနှင့် လမ်းခွဲခဲ့ပြီး နည်းပြနေရာ လစ်လပ်နေသောကြောင့် နည်းပြသစ်အဖြစ် မာ့ခ်ဘရိုင်းကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက် ၆၁ နှစ်ရှိ နည်းပြ မာ့ခ်ဘရိုင်းသည် ပရော်ဖက်ရှင်နယ် နည်းပြဘဝကို ၂၀၁၀ ပြည့်နှစ်က ဘယ်လ်ဂျီယံကလပ် မီချယ်လန်းအသင်းနှင့် စတင်ခဲ့ပြီးနောက် ကလပ်အသင်းများကိုသာ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပရော်ဖက်ရှင်နယ် နည်းပြဘဝတွင် လက်ရွေးစင်အသင်းကို ပထမဆုံးအကြိမ် တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။


နည်းပြ မာ့ခ်ဘရိုင်းသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလက ဘယ်လ်ဂျီယံကလပ် လီဇန်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေရာမှ ကင်မရွန်း လက်ရွေးစင်အသင်း နည်းပြအဖြစ် ခန့်အပ်ခံခဲ့ရခြင်း ဖြစ်သည်။

ကင်မရွန်းအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ (အာဖရိကဇုန်)တွင် အုပ်စု (D)၌ ကိတ်ဗာဒီ၊ လစ်ဗျား၊ အင်ဂိုလာ၊ မောရစ်သျှ၊ ဆွာဇီလန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲစဉ် နှစ်ပွဲကစားပြီးချိန်တွင် ရမှတ် လေးမှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားမောင်းသူမဲ့မြေပြင်သွားယာဉ်များနှင့် ယူကရိန်း FPV ဒရုန်းများကြား ပထမဆုံးသမိုင်းဝင်ဒရုန်းတိုက်ပွဲဖြစ်ပွား



ရုရှား-ယူကရိန်းပဋိပက္ခတွင် ပထမဆုံးသော ဒရုန်း-ဒရုန်းချင်းတိုက်ပွဲကို မတ် ၂၉ ရက်တွင်ဖြစ်ပွားခဲ့ပြီး မြေပြင်သုံး ထိုမောင်းသူမဲ့စနစ်သုံးယာဉ်များဖြင့် စစ်ဆင်ရေးဆောင်ရွက်မှုသည် သမိုင်းတွင် ပထမဆုံးတိုက်ပွဲဖြစ်ခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Telegram ရုပ်သံလိုင်းများမှ ထုတ်ပြန်သည့်ဓာတ်ပုံများသည် ရုရှားနိုင်ငံ၏ AGS-17 အလိုအလျောက်ဗုံးပစ်လောင်ချာတပ်ဆင်ထားသော မောင်းသူမဲ့မြေပြင်သွားယာဉ်(UGV)နှင့် TM-62 မိုင်းခင်းစနစ်တို့တပ်ဆင်ထားသော မောင်းသူမဲ့မြေပြင်သွားယာဉ်(UGVs) နှစ်စင်းနှင့် ယူကရိန်းနိုင်ငံမှ First Person View (FPV) ဒရုန်းတစ်စင်းတို့ သမိုင်းတွင်မည့်တွေ့ဆုံမှုကို မှတ်တမ်းတင်ထားနိုင်ခဲ့ကြသည်။ ရုရှားနိုင်ငံ၏ မောင်းသူမဲ့မြေပြင်သွားယာဉ်(UGVs)များကို ယူကရိန်းတို့ဘက်မှ First Person View (FPV) ဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရှိရသည်။

မတ် ၂၉ ရက်တွင် ဖြစ်ပွားခဲ့သော အဆိုပါဒရုန်းတိုက်ပွဲသည် ယူကရိန်းပဋိပက္ခတွင် မောင်းသူမဲ့စနစ်သုံးယာဉ်များဖြင့် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုလာမှု ဆင့်ကဲဖြစ်စဉ်ကို ကိုယ်စားပြုရုံသာမက ဒရုန်းများကို တိုက်ပွဲဝင်အသုံးပြုရာတွင် အရှိန်အဟုန်မြင့်မားလာမှုကို သက်သေပြချက်တစ်ခုလည်းဖြစ်သည်။ ဤထူးခြားသောထိတွေ့မှုမတိုင်မီကတည်းက စစ်မြေပြင်တွင် မောင်းသူမဲ့တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေသည်ဟုဆိုနိုင်သည်။ အကြောင်းမှာ နှစ်ဖက်စလုံးမှ FPVဒရုန်းများအသုံးပြု၍ မြေပြင်အခြေစိုက်ဒရုန်းများ၊ မောင်းသူမဲ့မြေပြင်သွားယာဉ်များ အစရှိသည့် မောင်းသူမဲ့စနစ်သုံးယာဉ်များနှင့် ဆက်စပ်နေသော စစ်ရေးစွမ်းအားစုများကို သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ချေမှုန်းလျက်ရှိနေကြခြင်းမျိုးဖြစ်သည်။ သို့သော်လည်း အဆိုပါထိတွေ့တိုက်ပွဲများတွင် ခဲယမ်းသယ်ယူရာ၌ အဓိကအားဖြင့် အဝေးမှထိန်းချုပ်သည့် "ခဲယမ်းသယ်လှည်းများ" ပါဝင်သည်။ မောင်းသူမဲ့စနစ်သုံး စစ်ရေးစွမ်းအားစုများကို တိုက်ခိုက်ဖျက်ဆီးရာတွင် တိုက်ပွဲလုပ်ငန်းစနစ်များသည် အခြေခံအားဖြင့် ဆန်းသစ်သည်ဟု ထင်မှတ်ရသော်လည်း မဝေးတော့သောအနာဂတ်တွင် နောက်ဆက်တွဲဖြစ်ပေါ်လာတော့မည့် အဆင့်မြင့်ဒရုန်းကို ဒရုန်းချင်းဆင်နွှဲကြမည့်စစ်ပွဲအတွက် အစပျိုးလာခြင်းဟု သတ်မှတ်နိုင်မည်ဖြစ်သည်။

ထိုသို့သတ်မှတ်ရခြင်းမှာ ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့များသည် သမားရိုးကျစစ်ပွဲ၏ ခေတ်သစ်တိုက်ပွဲလုပ်ငန်းစနစ်များကို မီးမောင်းထိုးပြလျက်ရှိပြီး စစ်မြေပြင်တွင် မောင်းသူမဲ့စနစ်များ ပေါင်းစပ်တိုက်ပွဲဝင်နေမှုကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်လာစေခဲ့သည်။

ယူကရိန်း FPV ဒရုန်းများဖြင့် ရုရှား UGV များကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ခြင်းသည် FPVဒရုန်းများ၏ နည်းဗျူဟာမြောက်တိကျစွာ တိုက်ပွဲဝင်နိုင်ခြင်းကို ပြသရုံသာမက မောင်းသူမဲ့နည်းပညာကို အသုံးပြုကာ တိုက်ခိုက်ရေးအခြေအနေများအတွက် လိုက်လျောညီထွေဖြစ်အောင် အသုံးပြုရာတွင် လျင်မြန်စွာပြောင်းလဲနေသော တိုးတက်ဖွံ့ဖြိုးမှုအဟုန်ကို ပြသနေခြင်းလည်းဖြစ်သည်။ ရိုးရှင်းသောခဲယမ်းသယ်လှည်းများမှသည် လက်နက်စနစ်အမျိုးမျိုးတပ်ဆင်ထားသော ဒရုန်းများထိ တိုးတက်ဖွံ့ဖြိုး၊ တီထွင်ကြံဆလာမှုသည် ခေတ်သစ်စစ်ပွဲတွင် နည်းပညာ၏ပြောင်းလဲမှုအကျိုးသက်ရောက်မှုကို ထိရောက်စွာစွမ်းဆောင်နိုင်ပြီး မောင်းသူမဲ့စနစ်များ အဓိကအခန်းကဏ္ဍမှပါဝင်နေသည့် တိုက်ပွဲလုပ်ငန်းစဉ်များကို မလွဲမသွေမြင်တွေ့ရတော့မည်ကို အချက်ပြနေခြင်းလည်းဖြစ်သည်။

ယူကရိန်းတို့၏ စစ်မဟာဗျူဟာအရေးကြီးမြေ Avdiivka မြို့၏ တောင်ဘက်ပိုင်းတွင် ယခုလို နှစ်ဖက်မောင်းသူမဲ့စနစ်သုံးယာဉ်များထိပ်တိုက်တွေ့ဆုံမှုသည် ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့နှစ်ရပ်စလုံးက မောင်းသူမဲ့နည်းပညာများကို အသုံးချတိုက်ပွဲဝင်ရန် ဆန်းသစ်သောချဉ်းကပ်မှု၊ နည်းလမ်းများကို မီးမောင်းထိုးပြနေသည်။ ရုရှားတပ်မတော် အမှတ်(၈၇) ရိုင်ဖယ်တပ်ရင်းကြီးသည် ပြည်တွင်းထုတ်အဆင့်မြင့်မောင်းသူမဲ့မြေပြင်သွားယာဉ်များ အသုံးပြုတိုက်ပွဲဝင်ရန် တာဝန်ပေးအပ်ခြင်းခံထားရပြီး မောင်းသူမဲ့မြေပြင်သွားယာဉ်များ(UGV)၏ မဟာဗျူဟာမြောက်အရေးပါမှုကို မြင်တွေ့နေရပြီဖြစ်သည်။ ဤ UGV များသည် တိုက်ခိုက်ရေးတွင် တပ်ဖွဲ့ဝင်များကို ထောက်ပံ့ပေးရုံသာမက ထိခိုက်ဒဏ်ရာရ၊ ကျဆုံးသူများကို ဘေးလွတ်ရာသို့ ကယ်ယူ၊ ရွှေ့ပြောင်းပေးရေးကဲ့သို့သော ဆေးဘက်၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

ယူကရိန်းတပ်ဖွဲ့ဝင်များက FPV ဒရုန်းများကို အသုံးပြုခြင်းသည် ဤသို့ကြောက်မက်ဖွယ်ကောင်းသော မြေပြင်သွားမောင်းသူမဲ့စနစ် စစ်ရေးစွမ်းအားစု (UGV)များ၏ ခြိမ်းခြောက်မှုကို ချေမှုန်းရန်အတွက် နည်းဗျူဟာပိုင်းအရ လိုက်လျောညီထွေရှိသော FPV ဒရုန်းများကို အသုံးပြုတိုက်ပွဲဝင်နိုင်မှုကို ဖော်ညွှန်းပြသနေသည်။ အဝေးမှမောင်းနှင်သည့် FPV ဒရုန်းများသည် ကင်းထောက်မှုနှင့် တိုက်ခိုက်မှုတို့တွင် ထူးခြားသောအားသာချက်ပိုင်ဆိုင်ထားပြီး အော်ပရေတာများသည် အန္တရာယ်ရှိမှုနည်းပါးစွာဖြင့် ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်ဖျက်ဆီးနိုင်စေမည်ဖြစ်သည်။

ဤသို့ မြေပြင်သွားဒရုန်းများနှင့်ဝေဟင်မောင်းနှင်ဒရုန်းများကြား ထိပ်တိုက်တွေ့ဆုံမှုများသည် စစ်မြေပြင်တွင် ကြည်း၊ ရေ၊ လေ မောင်းသူမဲ့စနစ်သုံးယာဉ်များ၏ အဓိကအခန်းကဏ္ဍနှင့်အတူ အလိုအလျောက်တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည့် စစ်ပွဲပုံသဏ္ဍာန်ဆီသို့ကူးပြောင်းနေခြင်းကို လှစ်ဟပြသနေခြင်းလည်းဖြစ်သည်။ ရုရှား၊ ယူကရိန်းနှစ်နိုင်ငံစလုံးသည် အဆိုပါနည်းပညာများ၏ စွမ်းဆောင်ရည်နှင့် ကန့်သတ်ချက်များကို ဆက်လက်စူးစမ်းလေ့လာ၊ ဖော်ထုတ်၍ အသုံးချလျက်ရှိကြသည်။

**First Historical Drone Combat Between Russian Ground Robots and Ukrainian FPV Aerial Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယက တာဝေးပစ် BrahMos ခရုဇ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့

အိန္ဒိယတပ်မတော်သည် ရုရှားနိုင်ငံနှင့် ပူးပေါင်းထုတ်လုပ်ထားသည့် တာဝေးပစ် BrahMos ခရုဇ်ဒုံးကျည်ကို နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းရှိ Andaman နှင့် Nicobar ကျွန်းများမှ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဧပြီ ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပစ်လွှတ်မှုကို အိန္ဒိယတပ်မတော်မှ "Rising Sun" ဒုံးကျည်ကျွမ်းကျင်ပညာရှင်များအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး BrahMos ခရုဇ်ဒုံးကျည်၏ တာဝေးပစ်တိုက်စွမ်းရည်များကို ပြသနိုင်ခဲ့ကြောင်း အိန္ဒိယတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ X (ယခင် Twitter) လူမှုကွန်ရက်တွင် မတ် ၂၉ ရက်က ရေးသားဖော်ပြခဲ့သည်။

တွက်ချက်ထားသော တိုက်ခိုက်ရေးစမ်းသပ်မှုတွင် ပစ်မှတ်ကို တိကျစွာထိမှန်ခဲ့ကြောင်း စစ်ဘက်မှထပ်လောင်းပြောကြားပြီး အဆိုပါစမ်းသပ်မှုသည် အိန္ဒိယနိုင်ငံ၏ အချုပ်အချာအာဏာကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဒေသတွင်းတည်ငြိမ်ရေးအတွက် ခိုင်မြဲသောကတိကဝတ်ကို သတင်းစကား ပေးပို့လိုခြင်းဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ BrahMos ခရုဇ်ဒုံးကျည်၏ နောက်ဆုံးစမ်းသပ်ပစ်လွှတ်မှုသည် ဒေသတွင်း၌ တရုတ်နိုင်ငံ Yuan Wang 3 အာကာသခြေရာခံသင်္ဘော ရောက်ရှိနေချိန်နှင့် တိုက်ဆိုင်နေသည်ဟု အိန္ဒိယကာကွယ်ရေးသုတေသနဌာန (ID-RW)က ပြီးခဲ့သည့်သီတင်းပတ်က မှတ်ချက်ပြုခဲ့သည်။ အိန္ဒိယသည် အိန္ဒိယသမုဒ္ဒရာဒေသအတွင်းသို့ တရုတ်နိုင်ငံမှ သုတေသနသင်္ဘောများ ရောက်ရှိနေခြင်းကိုပြဿနာအဖြစ်ရှုမြင်ပြီး အဆိုပါသင်္ဘောများကို ဒေသတွင်းမှ စမ်းသပ်ပစ်လွှတ်ခဲ့သည့်ဒုံးကျည်များ သို့မဟုတ် ဂြိုဟ်တုများကို စောင့်ကြည့်ရန်အတွက် အသုံးပြုနိုင်ကြောင်း ယုံကြည်နေသည်။

၂၀၂၃ ခုနှစ်က နယူးယောက်တွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး Subrahmanyam Jaishankar က အိန္ဒိယသမုဒ္ဒရာတွင် တရုတ်ရေတပ်တည်ရှိမှုနှင့် စစ်ရေးလှုပ်ရှားမှုများ ဆက်တိုက်တိုးမြင့်လာကြောင်း မှတ်ချက်ပြုခဲ့ပြီး အိန္ဒိယသည် အဆိုပါဖြစ်ထွန်းမှုများကို အနီးကပ်၊ ဂရုတစိုက်စောင့်ကြည့်နေကြောင်း ပြောကြားသွားခဲ့သည်။

ရုရှားနိုင်ငံနှင့်ပူးပေါင်းထုတ်လုပ်ထားသည့် BrahMosခရုဇ် ဒုံးကျည်များသည် အိန္ဒိယတပ်မတော် ကြည်း၊ ရေ၊ လေ သုံးရပ်စလုံးတွင် အဓိကကျသည့် ဒုံးကျည်များလည်းဖြစ်သည်။ ၎င်းတို့ကို ရေငုပ်သင်္ဘောများ၊ သင်္ဘောများ၊ လေယာဉ်များ သို့မဟုတ် မြေပြင်တို့မှ ပစ်လွှတ်နိုင်ပြီး အကွာအဝေးကို မူလ ကီလိုမီတာ ၂၉၀ မှ ကီလိုမီတာ ၅၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိစေရန် အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားသည်။ BrahMosခရုဇ်ဒုံးကျည်များအပါအဝင် တိုက်ခိုက်ရေးဝတ်စုံနှင့်လေ့ကျင့်ရေးလိုအပ်ချက်များအတွက် အိန္ဒိယအစိုးရက အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ သုံးစွဲရန်ခွင့်ပြုခဲ့သည်။



၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင်က အမေရိကန်ဒေါ်လာ ၃၇၅ သန်းတန်ဖိုးရှိ BrahMos ခရုဇ်ဒုံးကျည်များကို မှာယူခဲ့ပြီး ယခုနှစ်အတွင်း တင်ပို့ပေးနိုင်ဖွယ်ရှိသည်။ ထိုင်း၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အင်ဒိုနီးရှားနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများကလည်း စူပါဆောနစ်ခရုဇ်ဒုံးကျည်များ ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း ဖော်ပြခဲ့ကြသည်။

**India test-fires long-range BrahMos missile (VIDEO) ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငါမသေဘူး ရေကူးတတ်တယ်

## မင်းယဉ်စု

**"စေတနာ အဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"**တဲ့။ ဘုရားဟောရှိတယ်။ လူတစ်ယောက်ရဲ့ဘဝမှာ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ။ ကောင်းတဲ့စေတနာနဲ့လုပ်တဲ့ "ကုသိုလ်ကံ"ဟာ မိမိပိုင်ဆိုင်ရသလို မကောင်းတဲ့စေတနာနဲ့လုပ်တဲ့ "အကုသိုလ်ကံ"ဆိုတာလဲ မိမိကပဲ ပိုင်ဆိုင်ရမှာပါ။ တစ်နည်းအားဖြင့် ကောင်းမှုပြုရင် ကောင်းကျိုးခံစားရမှာဖြစ်သလို မကောင်းမှုပြုရင်လဲ မကောင်းကျိုးကို မိမိကပဲ ခံစားရမှာဖြစ်ပါတယ်။ ကုသိုလ်၊ အကုသိုလ်နှစ်မျိုးစလုံးဟာ "အဟောသိကံ"ဆိုတာမရှိ။ အချည်းနှီးဆိုတာမရှိ။

"ကုသိုလ်ကံ"ကြောင့် ရယူရမှာဖြစ်သလို "အကုသိုလ်ကံ"ကြောင့် ပေးဆပ်ရမှာဖြစ်ပါတယ်။ ဒါဟာ နိစ္စဓူဝ အမြဲမှန်ကန်နေတဲ့တရားပါ။

ဆိုလိုတာက ကောင်းတဲ့ကုသိုလ်ကံ တစ်ခုခုရှိနေသရွေ့ လူတစ်ယောက်ရဲ့အသက်ဇီဝိန်ဟာ လွယ်လွယ်နဲ့ မသေနိုင်ပါ။ Seeing is Believing တဲ့။ ဒီတရားသဘောကို ကိုယ်တွေ့ကြုံတော့မှ ကျွန်တော် ယုံလိုက်ရပြီ။

အရင်ရေးဖူးခဲ့တဲ့အတိုင်း ကျွန်တော့်မှာကျောက်ကပ်ရောဂါရှိတယ်။ အထူးကုဆရာဝန်ကြီးတစ်ယောက်နဲ့မှန်မှန်ပြပြီး သူညွှန်ကြားတဲ့အတိုင်း ဆေးဝါးစာတ်စာတွေ မပြတ်မှီဝဲသုံးဆောင်နေရတယ်။ ဒါပေမဲ့ သွေးကို ဖောက်ပြီးစစ်ကြည့်မှသိရတဲ့ eGFR က ကျကျနေတယ်။ ဘယ်လောက်ဆေးတွေသောက်သောက် ပြန်တက်မလာဘူး။ သာမန်လူကောင်းတစ်ယောက်မှာ 60 အထက်ရှိနေရမှာဖြစ်ပေမဲ့ ကျွန်တော်က လျော့လျော့ကျလာနေတယ်။ အခုဆိုရင် စိုးရိမ်ရေမှတ်ရောက်နေပြီ။ 10 တဲ့။ အဲဒီအောက် ထပ်ကျရင် ကျောက်ကပ်ကို ဆေးရတော့မဲ့ဘဝရောက်ပြီ။

ဒါကြောင့် ဆရာဝန်ကြီးက နောက်တစ်လလောက်ဆိုရင် သွေးကြောကိုဖြတ် အကြောမွေးပြီး ကျောက်ကပ်ဆေးဖို့ ပြင်ဆင်ပေးမယ်လို့ ပြောထားတယ်။

အဲဒီအခြေအနေမှာ ကျွန်တော်ရုတ်တရက် ဆေးရုံတက်လိုက်ရတယ်။ ကျောက်ကပ်ရောဂါကြောင့် မဟုတ်။ ဘယ်လိုမှမထင်ထားတဲ့ နှလုံးသွေးကြောပိတ်ရောဂါနဲ့။

အဲဒီနေ့မနက်က ထုံးစံအတိုင်း အပေါ်ထပ်မှာ ကျွန်တော်ဘုရားရှိခိုးနေတယ်။ ဘုရားရှိခိုးတာ ဆုံးအောင်ရှိခိုးလို့မရတော့။ ရင်ဘတ်ကြီးတစ်ခုလုံး မွန်းကျပ်ကျပ်ကြီးဖြစ်လာတယ်။ ဒါနဲ့ အောက်ထပ်ကို ဆင်းချလာပြီး ဇနီးသည်ကိုပြောရတယ်။ "ငါ့နောက်ကျောကို နင့်လက်နဲ့ထုပေးပါ။ ဦးစိုင်းလိမ်းဆေးနဲ့လဲ လိမ်းပေးပါ"လို့ တောင်းဆိုလိုက်ရတယ်။

ဇနီးသည်က နောက်ကျောကို ထုထောင်းပေးနေတုန်းမှာပဲ ကျွန်တော့်တစ်ကိုယ်လုံး ချွေးစေးတွေထွက်လာပြီး အေးစက်စက်ကြီးဖြစ်လာတယ်။ ဇနီးနဲ့သမီးက မဟန်မှန်းသိလို့ တစ်ဖက်ရပ်ကွက်ထဲက ကျွန်တော့်ညီကို ဖုန်းနဲ့လှမ်းခေါ်ကြတယ်။

အဲဒါတွေအားလုံး ကျွန်တော်မှတ်မိနေတယ်။ သတိမမေ့သေးဘူး။ အသိရှိနေတုန်း။ ညီလေးချက်ချင်းရောက်လာပြီး "ဟာ. . . အစ်ကို မဖြစ်တော့ဘူး။ လာ ဆေးရုံသွားမယ်"ဆိုတော့ ကျွန်တော်ကငြင်းတယ်။ မသွားချင်ဘူး။ အဲဒီအချိန်က ကျွန်တော်ဆေးရုံတင်မဟုတ်ဘူး ဘယ်မှမသွားချင်ဘူး။ ခွေခွေကလေး လှဲအိပ်နေချင်တာပဲရှိတယ်။ ရင်ဘတ်တစ်ခုလုံး လက်နဲ့ဆုပ်ထားသလိုဖြစ်နေတယ်။ လှဲပြီးတော့ပဲ အိပ်နေချင်တယ်။

ကျွန်တော့်ညီလေးက "ဟာ. . . အစ်ကိုမဖြစ်ဘူး" ဆိုပြီး အဝတ်အစားတွေ အတင်းချွတ်လဲပြီး သူ့ကားပေါ်ကို အတင်းဆွဲခေါ်သွားလို့ ကျွန်တော့်အိမ်နားမှာရှိတဲ့ "အောင်ရတနာ"ဆေးရုံဆီ ရောက်သွားတယ်။ အရေးပေါ်ဌာနမှာ ဆရာဝန်၊ ဆရာမတွေက လိုအပ်တာတွေ စစ်ဆေးမေးမြန်းပြီး ECG ရိုက်လိုက်တော့ ပြဿနာတွေ့ပြီ။ အဖြေပေါ်ပြီ။

> ❖ ဘာပဲပြောပြော ကျွန်တော်မသေပါ။ နှလုံး နှစ်ခါတိတိရပ်သွားတာတောင် ကျွန်တော်မသေခဲ့ပါ။ နောက်တော့ နှလုံးအထူးကြပ်မတ်ကုသဆောင် (Coronary Care Unit-CCU)ထဲမှာ ကျွန်တော့်နှလုံးကို စက်နဲ့အပြည့်နှိုး၊ နောက် စက်တစ်ဝက်၊ လူတစ်ဝက် နှိုးပြီးတော့မှ အားလုံးစိတ်ချရပြီဆိုမှ စက်ကိုဖြုတ်ပြီး သဘာဝအတိုင်းပဲ ကျွန်တော့်နှလုံးကို ခုန်စေတော့တယ်။ တစ်ရက်၊ နှစ်ရက်လောက်ကြာတော့ ပလတ်စတစ်ပိုက်နှစ်ခုစလုံးကို ပြန်ဖြုတ်ပစ်လိုက်ပြီး Stent တစ်ခုပဲ နှလုံးထဲမှာ ချန်ထားရစ်တော့တယ်။ ❖

ကျွန်တော့် နှလုံးသွေးကြောကြီး ပိတ်ဆို့သွားတာကိုး။

အဲဒါတွေလဲ ကျွန်တော်သိနေတုန်းပဲ။ ဆရာဝန်တွေက ကျွန်တော့်လက်ထဲကို ဆေးလေး၊ ငါးလုံးထည့်ပေးပြီး ချက်ချင်းဝါးစားခိုင်းတယ်။ ကျွန်တော်စားလိုက်တာပဲ။ နောက် "ဆေးရုံကြီး"ကို သွားခိုင်းသံကြားတယ်။ အဲဒီဆေးရုံမှာ လူနာတင်ယာဉ်(Ambulance) အဆင်သင့်မရှိဘူး။ ရှိတဲ့နေရာကိုခေါ်ဖို့ ဖုန်းနံပါတ်တစ်ခုပေးတယ်။ ကျွန်တော့်သားက ဖုန်းဆက်ပြီးခေါ်နေသံကို ကျွန်တော်ကြားနေတယ်။

ကျွန်တော့်နှလုံးသွေးကြောကြီးက ရေမြောင်းထဲ အမှိုက်ဆို့သလိုပိတ်သွားပြီ။ ကျွန်တော့်နှလုံးသွေးတွေ မစီးတော့ဘူး။ ဒါပေမဲ့ ကျွန်တော် "သိ"နေတုန်းပဲ။

Ambulance ဆီ ဖုန်းဆက်ခေါ်တာ နာရီဝက်ကြာမှရတယ်။ သွားပြီ။ တစ်နာရီပဲ အချိန်ရမယ်ဆိုတော့ နာရီဝက်ကုန်သွားပြီ။ နောက်နာရီဝက်ပဲ ကျန်တော့တယ်။ ကိုင်းဘာလုပ်ကြမလဲ။

ကျွန်တော့်ခန္ဓာကိုယ်ကြီး Ambulance ကားထဲရောက်သွားတာ ကျွန်တော်မှတ်မိနေတယ်။ တစ်ကိုယ်လုံးအေးစက်နေပြီး ချွေးစေးတွေပြန်နေတာသိတယ်။ ကားကို အမြန်မောင်းခိုင်းထားလို့ ကားထဲက လူနာခုတင်ပေါ်မှာ ဆန်ကောထဲက ဆီးဖြူသီးလို တဒိုင်းဒိုင်းနဲ့ခုန်ဆောင့်နေတာ ကျွန်တော်သိတယ်။ ကျွန်တော့်သမီးကြီးက "အဖေ ဘာမှမတွေးနဲ့။ ဘုရားသာအာရုံပြုပြီး ဘုရားစာသာရွတ်နေ"လို့ပြောတာ ကျွန်တော်သိတယ်။ သမီးက ဘုရားစာရွတ်တယ်။ ကျွန်တော်လဲ ရွတ်နေတယ်။ ကိုယ့်ကိုယ်ကိုယ် သရဏဂုံတင်ပေးနေတာ မှတ်မိတယ်။ နောက် ဘာမှမသိတော့ဘူး။

ကျွန်တော်မေ့မြောသွားပြီလား။ ဒါမှမဟုတ် ကျွန်တော့်နှလုံးသွေး လုံးဝရပ်သွားပြီလား။ ဒါမှမဟုတ် ကျွန်တော်သေသွားပြီလား။ ကျွန်တော် ဘာမှမသိတော့။

(နောက်ပိုင်းကျမှ ကျွန်တော့်ကို ပြန်ပြောပြလို့ သိလာရတာတွေကို ကျွန်တော်ဆက်ရေးပါမယ်။)

Ambulance ကားပေါ်ရောက်ချိန် "နာရီဝက်"ပဲ အချိန်ကကျန်တော့လို့ သူတို့သွားခိုင်းတဲ့"ရန်ကုန်ပြည်သူ့ဆေးရုံကြီး"ဆီသွားဖို့ အချိန်မမီနိုင်တော့ပါ။ မြောက်ဥက္ကလာဆေးရုံကြီးဆီသွားဖို့လဲမဖြစ်နိုင်တော့ပါ။ ဒီတော့ အနီးဆုံးနဲ့အဖြစ်နိုင်ဆုံးက အင်းလျားကန်စောင်းမှာရှိတဲ့ "ကန်သာယာ"ဆေးရုံကြီးဆီပဲ ပြေးရပါတော့တယ်။

သမီးငယ်နဲ့ သားငယ်ရဲ့ ကြိုတင်ဖုန်းဆက်ပြောပြထားချက်အရ အဲဒီဆေးရုံကြီးက နှလုံးအထူးကုအဖွဲ့တစ်ဖွဲ့က အသင့်စုစည်းပြီးစောင့်နေကြတယ်။ ရောက်ပြီဆိုတာနဲ့ ခွဲစိတ်ခန်းထဲ ချက်ချင်းတန်းခေါ်သွားပြီး လုပ်သင့်တဲ့ကုထုံးတွေကို အချိန်မဆိုင်းဘဲ မြန်မြန်လုပ်ကြတယ်။

မလုပ်ခင် ကာယကံရှင်တွေဖြစ်တဲ့ ကျွန်တော့်သားနဲ့သမီးကို လက်မှတ်တွေထိုးခိုင်းပြီး "ကျွန်တော်တို့ဘက်မှာ ၁ ရာခိုင်နှုန်းပဲရှိတယ်။ ဟိုဘက်မှာ ၉၉ ရာခိုင်နှုန်းရှိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တတ်နိုင်သလောက်ရအောင်ကုမယ်"ဆိုတော့ ကျွန်တော့်သားက တရှုပ်ရှုပ်ငိုပြီ။ သမီးနဲ့ချွေးမကလဲ ငိုပြီ။ သူတို့အဖေ ဒီတစ်ခါတော့ သွားပြီပေါ့။

ဒါပေမဲ့ မသွားဘူးဗျာ။ ကျွန်တော် သူတို့အဖေ မသွားဘူးဗျာ။ သတိပြန်လည်လာတယ်။ အမှတ်သတိပြန်ရှိလာတယ်။ "ငါမသေဘူး ရေကူးတတ်တယ်"လို့ ပြောလို့ရပြီ။

ဟုတ်တယ်။ ကျွန်တော်ပြန်လည်ရှင်သန်လာတယ်ဗျာ။

Ambulance ကားထဲက လူနာခုတင်ပေါ်မှာ တစ်လျှောက်လုံးသတိရှိနေတဲ့ ကျွန်တော်ဟာ"ကန်သာယာဆေးရုံကြီး"ဆီရောက်တာနဲ့ သတိမရှိတော့။ မေ့မြောသွားပြီ။ ကျွန်တော့်နှလုံးကို စက်နဲ့ဆက်သွယ်နှိုးခိုင်းထားပြီး ဖဲထီးသံချောင်းလောက်ရှိတဲ့ ပေါင်တွင်းသွေးကြောထဲကနေ နှလုံးထဲကို "Stent"လို့ခေါ်တဲ့ သွေးကြောချဲ့ကိရိယာလေးတစ်ခုနဲ့ ပလတ်စတစ်ပိုက်နှစ်ချောင်းကို ချက်ချင်းထည့်ကြတယ်။ အဲဒီလိုလုပ်နေရင်း ကျွန်တော့်နှလုံးဟာ နှစ်ခါတောင်ရပ်သွားသေးတယ်လို့ သားတို့က ပြန်ပြောကြတယ်။

ဘာပဲပြောပြော ကျွန်တော်မသေပါ။ နှလုံး နှစ်ခါတိတိရပ်သွားတာတောင် ကျွန်တော်မသေခဲ့ပါ။

နောက်တော့ နှလုံးအထူးကြပ်မတ်ကုသဆောင် (Coronary Care Unit-CCU)ထဲမှာ ကျွန်တော့်နှလုံးကို စက်နဲ့အပြည့်နှိုး၊ နောက် စက်တစ်ဝက်၊ လူတစ်ဝက်နှိုးပြီးတော့မှ အားလုံးစိတ်ချရပြီဆိုမှ စက်ကိုဖြုတ်ပြီး သဘာဝအတိုင်းပဲ ကျွန်တော့်နှလုံးကို ခုန်စေတော့တယ်။ တစ်ရက်၊ နှစ်ရက် လောက်ကြာတော့ ပလတ်စတစ်ပိုက်နှစ်ခုစလုံးကို ပြန်ဖြုတ်ပစ်လိုက်ပြီး Stent တစ်ခုပဲ နှလုံးထဲမှာချန်ထားရစ်တော့တယ်။

ပြောရအုံးမယ်။ ယက်ကန်ယက်ကန်နဲ့ လိပ်ပက်လက်လန်သလို ဆေးရုံလူနာခုတင်ပေါ်မှာ လေး၊ ငါးရက်လောက်နေဖူးကြပါသလား။ အားပါး အတော်ဆိုးရွားတဲ့ဒုက္ခပါပဲဗျာ။ ဝဋ်ရှိလို့ခံရ လုံးဝမသက်မသာကြီးခံစားရတယ်ဗျာ။ နှလုံးထဲ Stent တစ်ခုထည့်၊ ပလတ်စတစ်ပိုက်နှစ်ချောင်းလဲ ထည့်ထားတုန်းဆိုတော့ ပက်လက်ကနေ ဟိုဘက်ဒီဘက်လှည့်မရ၊ ဒူးထောင်ပေါင်ကားလုပ်လို့မရ။ တစ်သမတ်တည်း ငြိမ်ငြိမ်ကလေးနေနေရတဲ့ဒုက္ခဟာ တော်တော်ဆိုးတယ်ဗျာ။ Aircon ဖွင့်ထားလဲ ကြာတော့ကျောတစ်ပြင်လုံးက ပူလာတယ်ဗျာ။ ဟိုကယား၊ ဒီကယားနဲ့ တစ်ကိုယ်လုံး ယားယံလာတယ်ဗျာ။ ဒါပေမဲ့ ကုတ်လို့ဖဲ့လို့မရ၊ လှည့်လို့မရ၊ စောင်းလို့မရနဲ့ ဝဋ်ဒုက္ခကြီးလွန်းလှပါတယ်ဗျာ။

ဆေးရုံပေါ်မှာ သမီးတစ်လှည့်၊ သားတစ်လှည့် ကျွန်တော့်ကိုစောင့်ကြရင်း တစ်ရက်ကျတော့ သမီးငယ်ကမေးတယ်။

"အဖေ နှစ်ခါတောင် Shock ဖြစ်သွားတာ ဘယ်လိုတွေခံစားရသလဲ"တဲ့။

ကျွန်တော်က ပြန်ဖြေပြတယ်။

"ငါကြားဖူးတာတော့ အဲဒီလိုအချိန်မျိုးမှာ လူနီကြီးတွေက ခက်ရင်းခွတွေ၊ လှံတွေကိုင်ပြီး လာခေါ်တာနဲ့။ နတ်သား၊ နတ်သမီးတွေက ပန်းရထားကြီးနဲ့ လာခေါ်ကြတာနဲ့။ ငါ့ကျတော့ ဘယ်သူမှ လာမခေါ်ကြဘူး။ အေးဆေးပဲ"လို့။

ဟုတ်ပါတယ်။ တကယ်လဲ အေးဆေးပါပဲ။ ဆေးရုံပေါ်မှာ ခြောက်ရက်ကြာခဲ့တယ်။ ခုထက်ထိ ဘာမှထပ်မဖြစ်တော့ဘူး။

ရှေးကဗျာလေးတစ်ပုဒ်တောင် စိတ်ထဲက သတိရလိုက်မိပါသေး။

"ဓားနဲ့ထိုး ဓားကျိုးပါလို့ လှံမှာခွေ. . .။

ပြောင်နာဂီ ဆင်များမင်းတောင် နင်းလို့မသေ. . .။

ကုန်းမှာတစ်ထွေ ရေမှာတခြား. . .။

ပဒုမ္မာရွှေကြာပန်းလို လန်းတဲ့ယောကျ်ား. . .။"

# စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**စလင်း မေ ၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ချဉ်ကျေးရွာအုပ်စု သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို မေ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု၊ လစဉ်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားမှုနှင့်စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

သီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ငွေကျပ် ၂၀ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ပြီး မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့်မြို့ပြ ကွာဟမှုလျော့ချနိုင်ရေးအတွက် လိုအပ်သောငွေကြေးနှင့် ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# Books and publications donated to libraries of entire nation, those of military headquarters, regiments and units

## SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech and donates books



Senior General Min Aung Hlaing addresses the ceremony to donate books and publications.

**Nay Pyi Taw Arpil 3**

A ceremony to donate books and publications to libraries across the nation and military headquarters, regiments and units took place at the National Library in Nay Pyi Taw this morning, attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

Also present at the ceremony were Council Joint Secretary Lt-Gen Ye Win Oo and wife, Council members General Mya Tun Oo and wife, Admiral Tin Aung San and wife, Dr Hmu Thang, Dr Ba Shwe and U Yan Kyaw, the Union Election Commission Chairman, Union ministers, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, the chairman of Myanmar Press Council and party, the patron of Myanmar Libraries Foundation and party, departmental officials, teachers and students.

First, the Prime Minister and wife and party watched a video clip "general literature genres shall flourish".

In his speech, the Senior General said that he viewed round books published by the Ministry of Information in successusve eras displated at the national literatary award and Sarpay Beikman manuscript award presentation ceremony of the Ministry of Information as well as national-level ceremonies and youth and literature fine arts festival. Among these books, he has given guidance to reprint the deserved books for the public and youth observation at opportune time to accummulate general knowledge.

Volumes of Luhtu Theikpan (Public Science Treatise) are involved in these books, and these treatises will be donated by his family to the Myanmar Libraries Foundation. Nine treatises of Public Science Treatises were published by Myanmar Society of Translation (Sarpay Beikman) from 1955 to 1958 for the first time. The treatises feature topics on the Universe, the planet Earth, life of human, trees, animals, elements, energy, industries and society conducted in research for development of knowledge of the people. These books are appropriate for the youths at present. In accord with his guidance, the MInistry of Information started printing these books for the second time.

At present, the Ministry of Information has published Volume 1, 2 and 3 of the Public Science Treatises with a plan to continue publishing more volumes. These books are suitable for today's youths to accumulate knowledge. Hence, the Senior General recounted his wishes to donate these books to libraries across the nation and libraries of military headquarters and regiments and units—1,500 copies of each volumes as 3,000 copies to libraries in the entire nation and 1,500 copies to libraries of military headquarters and regiments and units. Likewise, the Ministry of Information will donated 5,500 copies of fiction and non-fiction books. Upon completion of printing, Public Science Treatise Volume 4 and 5 will be donated.

If a copies of literary works has not been read whenever it had been pubished for many years, it is a new one. Althugh this donated books are more than 60 years old, there are many topics today's youth will not know. The Senior General admitted he does not know some topics in the books. If one person reads the books a month, number of readers will amount to 54,000 in a year. Although the books can bear values, knowledge obtained from the books is counteless.

The Senior General explained his wife and himself are members of the Sarpay Beikman book club. Till today, they have renewed membership of the clubs, they receive books sent by Sarpay Beikman monthly and read them. They buy some deserved books from other literary houses. Amid busies, the Senior General recounted he tries hard to read daily.

Everybody knows the government promotes the education sector for having overall development. A free eduation is initiated in the basic education school for all school-age children to learn education. As Youths are future of the State, and education is future of the nation as well. Hence, individuals have to strive for creation of learnig opportunities for all children, mitigating number of untimely dropout of students and increasin qualitification of students in changing up of new grades.

Learning education can be defined as nurturing the human resources essential for the future of the State. There are three million of graduates among 56 million population of the nation. Moreover, 70 per cent of 25.17 million population above 25 years old have finished middle school education and 13 per cent of population across the nation are degree and diploma holders in technological and vocational courses, according to the statistics. Most of the students drop out the schools whenever they finish primary school education. It is a concern for the nation. Hence, the KG+9 scheme is being implemented at basic education level.

In his tenure, the Senior General disclosed that arrangements are being made to create chances for students who untimely droped out the school after passing the basic education middle education for learning industrial, agriculture and livestock subjects at the high school education. These schools were opened at 51 basic education high schools in 50 districts in 2023-24 academic year. Moreover, 34 more schools will be opened for students in 2024-25 academic year.

The Senior General recounted that he have noted a speech for reading. It mentions that those who do not read is like sitting. The liteates who do not read are like standing. The literates reading books are like walking. So, it is necessary to uge all to read. Individuals need to encourage all the people including youths to read and create the environments for reading.

In order to enhance capacity, it is necessary to improve the role of library and flourish the litrary culture. As 70 per cent of the people are reading in the rural area, it is necessary to rely on libraries for enable rural people to have reading access.

At present, the Ministry of Information operates 410 libraries at district and township levels. These libraries are being functiond with the assistance of the government. Moreover, relevant organizatiuons, individuals and people run more than 3,500 libraries. These libraries are being operated regularly with the library buildings, books and publications, borrowers, funds, library committees and librarians. A large number of libraries halted operations in the past for various reasons.

The government needs to resume operation of the halted libraries as usual.




Senior General Min Aung Hlaing views the periodicals on display.

*See Page 15*

# Passing out Parade of Thiha Company of 127th Intake of Officers Training Course of Defence Services (Army) Officers Training School (Bahtoo) held



Vice-Senior General Soe Win takes the salute of cadet companies.



**Nay Pyi Taw April 3**

Passing out Parade of the Thiha Company of the 127th Intake of Officers Training Course of Defence Services (Army) Officers Training School (Bahtoo) was held at the parade ground of the OTS in Fort Bahtoo this morning. On behalf of Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win delivered an address at the ceremony.

Also present on the occasion were Daw Than Than Nwe, wife of the Vice-Senior General, Shan State Chief Minister Zeya Kyawhtin U Aung Aung and wife, senior military officers from the Office of the Commander-in-the commander of Eastern Command and wife, senior military officers of the Bahtoo Station and wives, cadets and their parents and relatives, instructors and teachers of OTS, and invited guests.

At the ceremony, the Vice-Senior took the salute of the cadet companies, and then inspected the cadet companies. The cadet companies saluted the Vice-Senior General in slow march-past and quick march-past.

Afterwards, Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win presented a silver sword to Cadet No. 31 Cadet Paing Hein Thu from the 127th Intake who won the Best Cadet Award.

In his address, the Vice-Senior General said Tatmadaw was set up during the independence struggle. It is a Union Tatmadaw formed with various national races and always keep in fore Our Three Main National Causes. From the time Tatmadaw was established as Burma Independence Army on 27 December 1941, it passed throughout the different periods with fine historical traditions till now. Tatmadaw celebrated its 79th anniversary on 27 March this year.

During the post-independence period, the successive governments ruled the country under various political systems. History bears witness to the fact that whenever the country faced political instability, alien intrusion and internal armed insurgency in 1958, 1962, 1988 and 2021, the Tatmadaw stood by the national people for perpetuation of State sovereignty and safety of people's lives.

Tatmadaw's main duty is national defence. Leaders are very important in shouldering the duty. Hence, a platoon commander must have leadership skills. Soldiers have to sacrifice lives, blood and sweat in a battle, so, the role and qualifications of a leader is of vital importance for battle victory. Morale and management of the leaders are the main decisive factor of a battle. Good leadership ensures oneness of the troops and unity of the whole unit brings brilliant combat prowess.

A true leader wins the trust, reliance and affection of subordinates by living as a model. All who are going to serve as junior leaders from this day must be imbued with 16 leadership traits. A leader must provide correct leadership for troops and their families. He will gain success only if he commands the unit with parental spirit, leadership spirit and discipline. He must be straightforward, unbiased and free from corruption in controlling and administering the subordinates.

Persons who join the Tatmadaw of their own volition with national defence as the basic concept must further strengthen their original morale. Additionally, a leader must train and manage his troops to have combat ability and combat power. Soldiers must be skilled in military techniques according to their ranks to have the combat ability and qualifications. Moreover, they must be constantly trained to have the five basic qualifications – morale, discipline, loyalty, unity and ability. They must also observe the Tatmadaw's 12 fine traditions and enhance the three capabilities. Patriotism is the core of the 12 fine traditions. patriots can easily maintain the traditions – good discipline, loyalty, unity, capability, spirit to sacrifice, selflessness, high morale, courage to overcome hardships, endurance, perseverance, diligence, industrious, willingness to place Our Three Main National Causes in the fore. Hence leaders must observe the fine traditions and organize the subordinate to do the same.

Cadets have learned military strategies, leadership, staff, adjutant and quartermaster, battle engineering, computer and other subjects theoretically and practically at the course. In the present IT era, military tactics go beyond the scope of conventional tactics. Hence they must continue their studies. They must combine their theories taught at the course with their knowledge and experience, and learn the experience of the seasoned officers to overcome hardships of the practical field.

To have combat ability and qualifications, soldiers must undergo **constant training, and have constant military awareness and constant battle readiness.** Basically, training has two parts – individual training and group training. The 36-week course of OTS has provided both training. In accordance with the motto **"from quantity to quality"** of the policy of training, regular training is required for enhancing the qualification of the entire Tatmadaw. In accord with the training motto – **training ensures skill, skill ensures confidence, confidence produces courage and courage brings victory** – leaders must provide constant training for their platoons and units. As they are soldiers, they must be fit and healthy to serve duties at any time and place.

As discipline is Tatmadaw's backbone, leaders must know and abide by all the dos and don'ts and should organize other ranks to do the same. A disciplined person is an obedient person. Moreover, he will have good morale, he will be dutiful and he will automatically observe the rules and orders.

As Myanmar citizens raised here, they are subject to both the country's laws and the military's code. During their service, they must also strictly adhere to international law of war and the Rules of Engagement (ROE). A well-disciplined military is essential for achieving its goals and sustaining itself. Therefore, it's crucial to develop strong leaders who are disciplined and follow orders, and who can build their units into effective teams.

Effective leaders inspire talented followers. In military operations, clear and decisive leadership is paramount. To cultivate this leadership, we must learn from each other. Just as good followers can become strong leaders, we can all benefit by developing the qualities of a loyal and responsible member of the Tatmadaw.

Those who uphold the 4 oaths through daily recitation are called upon to embody their principles while serving the state and the Tatmadaw. This tradition of loyalty, observed by Tatmadaw members and their families throughout history, has demanded great sacrifice in service to the nation's political duties. The commitment to these oaths continues today.

Building a strong army requires focus on four key areas: training, administration, welfare, and morale. Effective training builds soldier strength, skill, and confidence, ensuring they can fulfill their duties. Balanced and fair administration streamlines logistics and reduces misconduct, strengthening the Tatmadaw's unity. Understanding human needs and providing for the well-being of Tatmadaw families fosters happiness and loyalty. Together, effective training, administration, and welfare programs contribute to high morale, the critical factor in any battle. A soldier's fighting spirit, courage, and perseverance are ultimately what tip the scales in war. These qualities, along with strong leadership, are the cornerstone of success in all four military sectors.

A strong leader embodies a positive spirit and unwavering commitment to following orders and regulations.

*See Page 13*





Vice-Senior General Soe Win meets outstanding cadets.

*From Page 12*

Individual excellence through rigorous training translates to effective teamwork and combat readiness. To build and sustain high morale, leaders must set the example by consistently adhering to established schedules and routines, both for themselves and their subordinates. This foundation of effective training, administration, welfare, and strong morale is essential for building a formidable army.

Enhancing an army's fighting ability requires rigorous training at all levels, from individual to group. Soldiers must hone their individual combat skills, and then seamlessly integrate those skills into section, platoon, and company tactics. Through progressive training in military subjects and skills, Tatmadaw units will become proficient in fulfilling their national defense and security duties. Effective leaders understand the importance of inheriting and upholding the Tatmadaw's strong traditions. They must not only excel in assigned duties, but also demonstrate strong moral character. While tactical cleverness is valuable, a lack of integrity will ultimately cause problems. Conversely, good character without skill limits potential. To become a capable and inspiring leader, a soldier must dedicate themself to continuous learning, practice, and adherence to regulations.

National defense is a shared responsibility of all citizens, with the Tatmadaw playing a vital role. To fulfill this role effectively, unwavering unity among all military personnel is crucial. By strictly adhering to the 60 Rules of Soldier's Conduct, Tatmadaw members contribute to a well-organized and highly capable fighting force. Effective organization empowers subordinates by assigning tasks that align with their skills and fostering a culture of continuous improvement.

Be aware that certain foreign countries and terrorist organizations exploit media channels to undermine military morale. They aim to weaken the Tatmadaw's unity and fighting spirit by discrediting the commitment of service members and their families. These efforts ultimately degrade combat effectiveness. We must stay vigilant and committed to our duty to defend the Tatmadaw's strength and unity.

To foster the Tatmadaw's spirit of 'divided we fall, united we stand,' initiatives that improve the well-being of military personnel and their families are essential. Effective leadership and a balanced administrative system are cornerstones for solidifying the Tatmadaw's internal unity.

Beyond military service, Tatmadaw personnel are expected to uphold the ten codes of conduct when engaged in civilian tasks. They should also contribute to the development of the communities they serve. In times of natural disaster, they must provide prompt assistance and volunteer their services for educational, health, and social welfare initiatives.

Socio-economic development flourishes through collaboration between the Tatmadaw, the Myanmar Police Force, security organizations, militia forces, and war veteran organizations. Effective coordination is vital to ensure successful joint operations. Leaders and subordinates alike must maintain high ethical standards to avoid hindering these efforts. Transparency and accountability are paramount. When issues arise, a prompt investigation is essential, followed by appropriate actions in accordance with both military regulations and local laws. An open and collaborative approach is key to resolving problems effectively.

Looking at our country's geography, we are located between two countries with great manpower and economic power, the national defense strategy is being implemented as a militia strategy. To gain the trust and respect of the people, the Tatmadaw needs to be capable and strong. Militia strategies can be implemented only when the people and the Tatmadaw are united.

On the other hand, the Tatmadaw took responsibilities of the country in accordance with the 2008 constitution from February 1 due to vote fraud attempts to gain state power in the multi-party democratic general election held in 2020 and currently maintaining the five-point road map and nine objectives have been established and are being implemented. In order to achieve the above road map and objectives, security and stability in the country are essential, and from safety and stability, two political visions are to cement a disciplined, genuine multiparty democratic system and build a Union based on democracy and federalism whereas prosperity of the nation and food security must be implemented as two national visions. The ultimate goal, which is the completion of emergency provisions, will be the holding of a free and fair multi-party democratic general election and the handing over of national responsibility to the new government emerged from the election.

When the SAC inevitably started taking charge of the country, after the protests and violence in everywhere in the country was quickly contained by the security forces and public security groups, armed riots occurred in border areas and remote areas far from administration. Militia groups were formed according to the wishes of the local people according to the villages, wards and areas and the security forces along with the militia groups are still working to clear it up to this day.

The Conscription Law, which was enacted on November 4, 2010, during the previous State Peace and Development Council, which was in accordance with the law and was more orderly in the cooperation of militia members and security forces according to their regions, was approved and practiced from February 10, 2024 to protect the three main national causes and base on the geopolitical situation of our country and the numerous conflicts that are happening on the world political stage.

Similarly, the Reserve Forces Law was put into effect on February 13 in order to protect the three main national causes and depend on the number of requests to be allowed to return to service as it has become necessary for the veterans who have sacrificed their lives for the country and Tatmadaw.

These laws are not developed and enacted only in our country, but also in various countries of the world, including neighboring countries, according to the need and in accordance with the constitution. By following the law, rules and regulations in accordance with the Constitution, and complying with the requirements of the law and regulations, men and women will be good citizens, who take responsibilities for the country. Therefore, it is necessary to thoroughly study the Conscription Law and to organize and inform the families and relatives who are related to the eligible persons in the various regions where they are assigned. In doing so, despite the government also notified the public about the Conscription Law through newspapers, including state owned medias, broadcasts and radio programs, the public did not learn about the law and regulations for various reasons, and they have unlawfully followed the false propaganda of various terrorist organizations and armed terrorist organizations, their personal life and family life will be saved from the tragedy of being sacrificed in the forests and mountains, so I was encouraged everyone to talk and organize with knowledge to avoid it. In addition, it is needed to be helped to identify and take action in accordance with the law on some corrupt government employees and organizations who want to take advantage of money and other rights through illegal threats and coercion against those who do not understand the law and regulations of the Conscription Law and the by-law.

Our country became the colony of British on January 1, 1886 and from the time when the British colonialists ruled, it was found that the development of the highlands and the mainland was not the same and the British used dissension ways to govern Myanmar. The inconsistencies caused by the dissension remain as a legacy of history to today's young generation. Armed insurgencies in the ethnic areas could not be stopped and the development of the country was affected, leaving it behind the neighboring countries.

What should be done on the necessity of stability and peace for the development of the country, as already ordered, the National Unity and Peacemaking Central Committee and various work committees have been formed to achieve nationwide and lasting peace. To strengthen the unity of the ethnic armed organizations that have signed the agreement in order to achieve lasting peace for the whole country to live in peace and stability, the government is continuing to negotiate with the EAOs, whose views and concerns are correct from the beginning.

The Tatmadaw is always inviting transparent discussions for eternal peace, and the remaining groups to sign the NCA are also having the opportunity to legally request their wishes through the Hluttaw channel, including the NCA channel. Therefore, we want to encourage them to participate in their respective roles in the establishment of eternal peace.

The Vice-Senior General said it is always needed to work hard to follow 16 good leadership features and give the correct leadership to the subordinates to successfully complete the tasks given by the state and the army, to pass on the good traditions of the military and keep the four oaths as life itself, to live and work in accordance with the 60 codes of conducts of soldiers in order to be able to build a more compact and solid organization inside and outside of the Tatmadaw and to become the reliable leaders for the future Tatmadaw and the country in accordance with the slogan "military leader of the future".

Then, the Vice-Senior General Soe Win left the military parade ground after receiving the salute from the cadet divisions.

After the military parade, the Vice-Senior General Soe Win met with the cadets who won the outstanding award at the hall together with senior military officers from the Office of the Commander-in-Chief of Defence Services and the Commander of the Eastern Command and gave a congratulatory speech. 100

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander- in-Chief (Army) Vice-Senior General Soe Win inspects agriculture, livestock breeding tasks in Bahtoo Station



Vice-Senior General Soe Win inspects a vegetable plantation.



**Nay Pyi Taw Arpil 3**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by his entourage, arrived at the model agriculture and livestock breeding zone of the animal breeding and training battalion this afternoon and inspected cultivation of seasonal crops, crops for land treatment and jade tissue bananas, breeding layers in fixed farms above water and air-conditioned closed farms, breeding milk cows and beef cows through artificial insemination methods and breeding DYL pigs before giving necessary instructions to officials on their reports.

Then, the Vice-Senior General and party inspected the production and distribution of quality vegetable seeds including pumpkins, gourds, long beans, chili, lady's fingers, mustard greens and egg-plants to battalions and units and outside markets at cheaper prices and trial production of quality natural fertilizers from manure of mules/horses bred in the battalion and animal wastes of chickens, pigs and cattle from the modal livestock breeding zone and animal vaccines and officials conducted round the Vice-Senior General and party.

Then, the Vice-Senior General and party inspected the breeding of layers in farms, equipment for artificial insemination of cattle on display and the pig breeding farms and officials conducted round the Vice-Senior General and party.

In the agriculture and livestock breeding zone, first pigs that were bred through artificial insemination on a trial basis for the battalion and an artificially inseminated female pig can give birth to as many as 12 piglets and pork pigs are also bred at the farm.

In connection with pig breeding, the Vice-Senior General said there are two methods of pig breeding such as natural breeding and artificial insemination. In natural breeding, a female pig can be impregnated at one time but from three to five female pigs can be impregnated at one time. As piglets that are bred through artificial insemination are healthier and have faster growth rates, it is necessary to continue to conduct research on piglets that are bred through artificial insemination based on their age groups. In conclusion, the Vice-Senior General urged officers to breed more pigs in addition to currently bred 256 pork pigs in order to distribute more pork to battalions and units in the station, government staff and local residents.

Afterward, the Vice-Senior General and party proceeded to the integrated farm (Bahtoo Sam) of the Tatmadaw (Army) Combat Training School (Bahtoo) and inspected the construction of a small dam with the assistance of the Irrigation and Water Utilization Management Department, development of new farmland, cultivation of summer paddy, potatoes and soya beans in the new farmland and asked matters of interest to officers from the Tatmadaw (Army) Combat Training School (Bahtoo) before coordinating their efforts.

100

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior Soe Win visits patients at military hospital in Bahtoo and inspects military units under Bahtoo Station



Vice-Senior General Soe Win comforts a patient.

**Nay Pyi Taw Arpil 3**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and party visited officers and other ranks, their family members, members of Myanmar Police Force, members of local militia forces and local people receiving medical treatment at the military hospital in Bahtoo this afternoon and comforted them.

First, the Vice-Senior General and wife Daw Than Than Nwe arrived at the military hospital where they were welcomed and greeted by the hospital commandant and officials.

Afterwards, the Vice-Senior General was reported by the hospital commandant on giving health care services to officers and other ranks, their family members, members of Myanmar Police Force, members of local militia forces and local people in the hospital meeting hall. The Vice-Senior General gave necessary instructions on the report and fulfilled the needs.

Then, the Vice-Senor General and party visited officers and other ranks, their family members, members of Myanmar Police Force and local people receiving medical treatment at the hospital, asked about progress of their health condition individually and provided foodstuffs to them.

Similarly, Daw Than Than Nwe, wife of the Vice-Senior General, visited patients at the maternal and child ward of the hospital, comforted them and provided supplies to them.

After that, the Vice-Senior General and wife took an inspection tour of the hospital and presented a cash bonus for health staff and the hospital through the hospital commandant.

Later, the Vice-Senior General and party took an inspection tour over military units within the Bahtoo Station, cordially met families of officers and other ranks of the units and encouraged them. The Vice-Senior General also made coordination on the reports by the officials and presented them with foodstuffs and cash assistance.

100

# Graduation dinner of 127th intake, Thiha Company, of Defence Services Officers Training School (Bahtoo) held



Vice-Senior General Soe Win attends the graduation dinner.

**Nay Pyi Taw Arpil 3**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior Soe Win, on behalf of Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, attended the graduation dinner of the 127th intake, Thiha Company, of Defence Services Officers Training School (Bahtoo) at the military appointment hall of the school in Bahtoo this morning.

The ceremony was also attended by Daw Than Than Nwe, wife of the Vice Senior-General, senior military officers of Office of the Commander-in-Chief of Defence Services, the Commander of Eastern Command and wife, senior military officers of Bahtoo Station, parents of the graduate officers, instructors and teachers of the school and guests.

First, the Vice-Senior General and party cordially greeted the graduate officers and then had dinner together with them.

After the dinner, the Vice-Senior General and party enjoyed the performance of the military band of the school and presented a cash bonus to the band.

Then, the Vice-Senior General and party, together with the graduate officers, enjoyed the performance of the mobile public relations troupe under the Directorate of Public Relations and Psychological Warfare at the Thabin Hall.

100



Vice-Senior General Soe Win having dinner with graduate officers.

*From Page 11*

In so doing, Not only the government along but local authorities, residents and NGOs have to join in the work process of resumption of these libraries.

It is true that the world today has so developed that it has been referred to as the global village. Despite high material development, it is more likely for humans to encounter disadvantages rather than advantages if the mindsets of humans who have to handle the materials have not developed and are not correct and strong. As the mind has taken a lead in everything, a beneficial environment can be created when humans are instilled with wisdom.

Officials, parents and teachers are urged to make concerted efforts to write good pieces of literature that serve the interests of the country and the people, to republish good old books which can provide knowledge to readers, to launch awareness-raising campaigns to encourage everyone who can read to read books, to nurture youths who are instilled not only with knowledge and skills but also with thinking skills, wisdom and five strengths and to cooperate for sustainability and development of school and village libraries.

Then, the Senior General and wife presented 3,500 fiction and non-fiction books donated to the Myanmar Libraries Foundation by the government and 3,000 copies of Science for the Public volume 1, 2 and 3 donated by the Senior General and wife to Patron U Kyaw San and Chairman U Nyunt Swe of the foundation.

Afterward, the Senior General and wife presented 2,000 fiction and non-fiction books donated to libraries in command headquarters, battalions and units by the government and 1,500 copies of Science for the Public volume 1, 2 and 3 to Adjutant General Lt-Gen Soe Min Oo.

Then, Patron U Kyaw San of the foundation reported to the Senior General on establishment of libraries and Chairman U Nyunt Swe spoke words of thanks to the Senior General for donation of books.

Afterward, the Senior General and wife and participants posed for documentary photographs.

After the ceremony, the Senior General and wife and participants viewed the books, journals and documentary photographs on display attentively.

100

# Plan underway to hatch six domestic fish species in 2024-25 FY

**Mandalay April 3**

Thayetgon fishery camp in Mandalay Region slates to hatch fingerlings of six rare domestic fish species at the camp in 2024-25 financial year, said U Tun Naung Win, assistant director of the camp.


Aimed at preventing depletion of domestic fish species, the fishery camp decided to collect domestic fingerlings and hatch them to reproduce. In 2023-24 financial year, rohtee, sheatfish and Labeo were hatched successfully. So, the camp prepares to hatch striped dwarf catfish, father back Natopertus, short-headed catfish, Crossochilus fish and so on will be hatched in 2024-25 financial year.

"The camp breeds rare domestic fish species and hatches them. It aims to catch fish in natural water for ensuring fish food security and fish resource development. Moreover, local fishermen can earn incomes from fishery jobs. The fishery camp sets an aim for producing marketable fingerlings at home with least cost," he explained.

The camp is hatching 10 kinds of fish including rohu, Shwewah sturgeon, tilapia and others. It will conduct research breeding of striped dwarf catfish, father back Natopertus, short-headed catfish, Crossochilus in coming financial year. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချို မဟာသရေစည်သူစိုးဝင်း ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူစဉ်။**

☆ **ကျောဖုံးမှအဆက်**

ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများနှင့် ဆွေမျိုးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချို မဟာသရေစည်သူ စိုးဝင်းသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ခွဲများကို လိုက်လံစစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချို မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂၇)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ၃၁၊ ဗိုလ်လောင်း ပိုင်ဟိန်းသူကိုငွေဓားဆုချီးမြှင့်ပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာခဲ့ပြီး အမျိုးသားရေး တာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ တိုင်းရင်းသားပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ကြီးဖြစ်ကြောင်း၊ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)ကစ၍ ယနေ့အချိန်ထိ ခေတ်အဆက်ဆက်တွင် သမိုင်းအစဉ်အလာကောင်းများနှင့် လျှောက်လှမ်းလာခဲ့သည်မှာ ပြီးခဲ့သည့် မတ် ၂၇ ရက်တွင် ၇၉ နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရအဆက်ဆက် နိုင်ငံရေးစနစ်အမျိုးမျိုးနှင့် အုပ်ချုပ်ခဲ့ရာတွင် ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်နှင့်၂၀၂၁ ခုနှစ် စသည့် ကာလများတွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး မတည်ငြိမ်မှုများ၊ ပြည်ပကျူးကျော်စစ်များနှင့် ပြည်တွင်း လက်နက်ကိုင်သောင်းကျန်းမှုများကို ကြုံတွေ့ခဲ့စဉ်တွင်လည်း တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးတို့အတွက် တိုင်းရင်းသားပြည်သူများအရှေ့တွင် မားမားမတ်မတ်ရပ်တည်ပြီး သစ္စာရှိစွာ ကာကွယ်စောင့်ရှောက်ခဲ့သည်ကို သမိုင်းမှတ်တမ်းတွင် အထင်အရှားရှိခဲ့ပြီးဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ပင်ဖြစ်ကြောင်း။ ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် တပ်စုတစ်စုကို ဦးဆောင်ကွပ်ကဲရမည့်သူများအနေဖြင့် ခေါင်းဆောင်မှုပညာရပ်များကို နားလည်တတ်ကျွမ်းထားရန်လိုအပ်ကြောင်း၊ **စစ်မြေပြင်တိုက်ပွဲများသည် အသက်၊ သွေး၊ ချွေးများကိုရင်းနှီးပြီး စွန့်စားဆောင်ရွက်ရသည်ဖြစ်၍တိုက်ပွဲတိုင်းအောင်မြင်နိုင်ရန် ခေါင်းဆောင်၏ အရည်အသွေးအခန်းကဏ္ဍသည် အလွန့်အလွန်အရေးကြီး**ကြောင်း၊ ခေါင်းဆောင်၏ စိတ်ဓာတ်နှင့် စီမံခန့်ခွဲမှုသည် စစ်ပွဲ၏ အနိုင်အရှုံးကို ဆုံးဖြတ်ပေးသည့် အဓိကအကြောင်းအရာပင် ဖြစ်ကြောင်း၊ **ခေါင်းဆောင်၏ ဦးဆောင်မှုကောင်းပါက နောက်လိုက်စစ်သည်များနှင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်လာပြီး တပ်ဖွဲ့တစ်ခုလုံး၏ စည်းလုံးညီညွတ်မှု အင်အားကတစ်ဆင့် တိုက်စွမ်းရည်ကောင်းကို ရရှိစေမည်ပင်ဖြစ်**ကြောင်း။

**စစ်မှန်သည့် ခေါင်းဆောင်သည် ကိုယ်တိုင်စံနမူနာပြ နေထိုင်ကျင့်ကြံပြောဆိုပြီး လက်အောက်ငယ်သားများ၏ ယုံကြည်အားကိုးမှုနှင့် ချစ်ခင်လေးစားအသိအမှတ်ပြုမှုကို ရယူနိုင်သည့်သူများဖြစ်**ကြောင်း၊ ထိုသို့ အရည်အချင်းများရရှိစေရန်အတွက် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည့် သူများအနေဖြင့် ယနေ့ကစ၍ ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ရပ်နှင့် ပြည့်စုံနေရန်လိုကြောင်း၊ ထို့ကြောင့် **မိမိကွပ်ကဲရသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအပေါ်တွင် မှန်ကန်သည့် ခေါင်းဆောင်မှုနှင့်အတူ မိဘသဖွယ်စိတ်ဓာတ်၊ ခေါင်းဆောင်သဖွယ်စိတ်ဓာတ်တို့နှင့် စည်းကမ်းတကျ ကွပ်ကဲအုပ်ချုပ်မှသာ အောင်မြင်မှုကို ရရှိနိုင်မှာဖြစ်**ကြောင်း၊ လက်အောက်ကို ကွပ်ကဲအုပ်ချုပ်သည့်နေရာတွင် ဖြောင့်မတ်မှန်ကန်ပြီး ကျောသားရင်သား မခွဲခြားဘဲ အဂတိကင်းစွာဖြင့် ကွပ်ကဲအုပ်ချုပ် ဦးဆောင်မှုပေးသွားကြရန်လိုကြောင်း။

နိုင်ငံတော်ကို ကာကွယ်ရန်ဆိုသည့် အခြေခံစိတ်ဓာတ်နှင့် တပ်မတော်ကို မိမိသဘောဆန္ဒအလျောက် ဝင်ရောက်လာခဲ့ကြသည့်သူများသည် ရှိပြီးသား အခြေခံစိတ်ဓာတ်ကို ပိုမိုကြံ့ခိုင်မာကျောအောင် စဉ်ဆက်မပြတ် တည်ဆောက်ကြရင်း တစ်ဖက်ကလည်း မိမိဦးဆောင်ရသည့် တပ်ကို တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားများ ပြည့်စုံအောင် လေ့ကျင့်စီမံဆောင်ရွက်နေရန်လိုအပ်ကြောင်း၊ တိုက်စွမ်းရည်ပြည့်ဝစေရန် စွမ်းရည်ထက်မြက်ပြီး အရည်အချင်းပြည့်ဝသည့် စစ်သည်များဖြစ်အောင် အဆင့်နှင့်လျော်ညီသည့် စစ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရမည်ဖြစ်သည့်အပြင် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည် သုံးရပ်ပြည့်စုံမှုဆိုသည့် တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်း(၅)ပါးနှင့် ပြည့်ဝနေအောင် အမြဲလေ့ကျင့် နေရမည်ဖြစ်ကြောင်း။

ထို့ပြင် ဒို့တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာ(၁၂)ရပ်ကို လိုက်နာစောင့်ထိန်းပြီး စွမ်းရည်သုံးရပ်ထက်မြက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တွင် မျိုးချစ်စိတ်ဓာတ်သည် အဓိကကျကြောင်း၊ မျိုးချစ်စိတ်ဓာတ်ရှိသူသည် စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားတတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားတတ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းဆင်းရဲခံနိုင်ခြင်း၊ ဌဲ၊ လုံ့လ၊ ဝီရိယရှိခြင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ် ပန်ဆင်ခြင်းစသည့် အစဉ်အလာများကို အလွယ်တကူ သယ်ပိုးသွားနိုင်မည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်၏ အစဉ်အလာကောင်းများကို ကိုယ်တိုင်နှင့် လက်အောက်အကြပ်စစ်သည်များကိုပါ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း။

သင်တန်းကာလတွင် စစ်နည်းဗျူဟာ၊ ခေါင်းဆောင်မှု၊ စစ်ဦးစီး၊ စစ်ရေးစစ်ထောက်၊ စစ်မြေပြင်အင်ဂျင်နီယာ၊ ကွန်ပျူတာနှင့် အခြားဘာသာရပ်များကို စာတွေ့၊လက်တွေ့ လေ့ကျင့်သင်ကြားခဲ့ပြီး ဖြစ်ကြောင်း၊ **နည်းပညာတိုးတက်မှုမြန်ဆန်သည့် ယနေ့ခေတ်တွင် စစ်မှုဆိုင်ရာအတတ်ပညာနှင့် စစ်နည်းဗျူဟာများဟာ သမားရိုးကျမဟုတ်ဘဲ တိုးတက်မြင့်မားလျက်ရှိ**ကြောင်း၊ ထို့ကြောင့် သင်ကြားပေးလိုက်သည့် အတတ်ပညာများနှင့် တင်းတိမ်ရောင့်ရဲမနေဘဲ ဆက်လက်လေ့လာသွားကြရန် လိုကြောင်း၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ ကြုံတွေ့ရမည့် အခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်ရန်အတွက် သင်ကြားထားသည့် သီအိုရီ (Theory)များကို အတွေ့အကြုံ၊ ဗဟုသုတများနှင့်ပေါင်းစပ်ပြီး ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ မိမိထက် အတွေ့အကြုံရှိသည့် အရာရှိများထံကလည်း လေ့လာဆည်းပူးကြရန် လိုအပ်ကြောင်း။

တပ်မတော်သားများအနေဖြင့် တိုက်စွမ်းရည်ရှိပြီး အရည်အချင်းပြည့်ဝစေရန်အတွက် **"အမြဲတမ်း လေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"**ဆိုသည့် မြဲသုံးမြဲနှင့်လည်း ပြည့်စုံနေရန်လိုအပ်ကြောင်း၊ လေ့ကျင့်ရေးသည် တစ်ဦးချင်းလေ့ကျင့်ရေးနှင့် အဖွဲ့လိုက်လေ့ကျင့်ရေးဆိုပြီး အခြေခံအားဖြင့် နှစ်မျိုးရှိကြောင်း၊ ရက်သတ္တ ၃၆ ပတ်ကြာ တက်ရောက်ခဲ့သည့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)က တစ်ဦးချင်းအနေနှင့် အဖွဲ့လိုက်အနေနှင့်ပါ လိုက်ပါလုပ်ဆောင်တတ်စေရန် လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် **"အရေအတွက်မှ အရည်အချင်းသို့"**ဆိုသည့် လေ့ကျင့်ရေး မူဝါဒနှင့်အညီ တစ်ဦးချင်းမှသည် တပ်မတော်တစ်ရပ်လုံး စွမ်းဆောင်ရည် မြင့်မားစေရန် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၁၉ သို့**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချို မဟာသရေစည်သူစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ဧည့်သည်တော်များက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်စဉ်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချို မဟာသရေစည်သူစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

**"လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်"** ဆိုသည့် လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း မိမိဦးဆောင်ရသည့် တပ်စု၊ တပ်ဖွဲ့များကို အမြဲလေ့ကျင့်နေရန် လိုအပ်ကြောင်း၊ ထို့ပြင် တပ်မတော်သားတစ်ယောက်ဖြစ်သည်နှင့်အညီ ပေးအပ်လာသည့်တာဝန်များကို အချိန်မရွေး၊ နေရာမရွေး ထမ်းဆောင်နိုင်ရမည်ဖြစ်၍ ကျန်းမာကြံ့ခိုင်မှုရှိအောင်၊ ကိုယ်ခံစွမ်းအားပြည့်ဝအောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် ထုတ်ပြန်ထားသည့် တိုက်တွန်းချက်နှင့် တားမြစ်ချက်များကိုလည်း မိမိကိုယ်တိုင်သိရှိလိုက်နာကြရမည်ဖြစ်ပြီး မိမိကွပ်ကဲရသည့် တပ်ဖွဲ့ရှိ အကြပ်စစ်သည်များလည်း သိရှိလိုက်နာအောင် ကြပ်မတ်သွားရမည်ဖြစ်ကြောင်း၊ စည်းကမ်းများကို တိကျစွာလိုက်နာသည့် သူသည် အမိန့်နာခံမှုလည်း ရှိလာမည်ဖြစ်ပြီး စိတ်ဓာတ်ကောင်းမွန်ပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူသည်လည်း စစ်စည်းကမ်းနှင့်အမိန့်များကို အလိုလိုလိုက်နာပြီး ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းလာကြသည့် မြန်မာနိုင်ငံသားများဖြစ်တာကြောင့် နယ်ဘက်ဥပဒေများကို စောင့်ထိန်းရသည့်အပြင် တပ်မတော်သားဘဝကို ခံယူထားခြင်းကြောင့် စစ်ဘက်ဥပဒေများကိုလည်း အဓိကလိုက်နာရသူများဖြစ်ကြောင်း၊ ထို့ပြင် တန်းပြည့် စစ်မှုထမ်းဆောင်ချိန်တွင်လည်း နိုင်ငံတကာစစ်ပွဲဆိုင်ရာဥပဒေနှင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rule of Engagement- ROE)များကိုလည်း တိကျစွာ လိုက်နာသွားရမည်ဖြစ်ကြောင်း၊ စည်းကမ်းကောင်းမွန်သည့် အဖွဲ့အစည်းသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ရည်မှန်းချက်တာဝန်များကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စည်းကမ်းကောင်းပြီး အမိန့်နာခံမှုကောင်းသည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားရမည်ဖြစ်ပြီး မိမိကွပ်ကဲရသည့် တပ်ဖွဲ့ကိုလည်း တပ်ဖွဲ့ကောင်းတစ်ရပ်ဖြစ်အောင် တည်ဆောက်သွားကြရန် မှာကြားလိုကြောင်း။

အောင်မြင်သည့် ခေါင်းဆောင်ကောင်းများ၏ နောက်တွင် အရည်အချင်းပြည့်ဝသည့် နောက်လိုက်ကောင်းများစွာရှိကြောင်း၊ စစ်မှုရေးရာများနှင့်ပတ်သက်၍ ခေါင်းဆောင်မှုပေးရာတွင်ပြတ်သားသည့် ခေါင်းဆောင်မျိုးဖြစ်ရန်လိုကြောင်း၊ အောင်မြင်သည့် ခေါင်းဆောင်ကောင်းဖြစ်ရန်အတွက်လည်း နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဆိုသည့်အတိုင်း တပ်မတော်အပေါ်တွင် သစ္စာရှိပြီး တာဝန်ကျေပွန်သည့် နောက်လိုက်ကောင်းတစ်ဦးဖြစ်အောင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးစားသင်ယူ လုပ်ဆောင်ကြရန်လိုကြောင်း။

သစ္စာလေးချက်ကို နှလုံးမူ စည်းရှုတ်ဆိုသူများဖြစ်သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်အတွက် တာဝန်ထမ်းဆောင်ရာတွင် သစ္စာလေးချက်ကို စွဲမြဲမှတ်သားပြီး စာသားတစ်လုံးချင်းစီ၏ အဓိပ္ပာယ်အတိုင်းတိကျစွာ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အတိတ်သမိုင်းကြောင်း တစ်လျှောက်မှ ယနေ့ထိ တိုင်းပြည်၏ အမျိုးသားနိုင်ငံရေး တာဝန်များကို ကျရာအခန်းကဏ္ဍအလိုက် စွန့်လွှတ်စွန့်စားစွာဖြင့် အမှုထမ်းခဲ့ကြသည့် တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ တာဝန်ကျေပွန်မှုနှင့် သစ္စာစောင့်သိမှုများကို မိမိတို့တပ်မတော်သားများ နှလုံးမူ စည်းရှုတ်ဆိုသည့် သစ္စာအဓိဋ္ဌာန်လေးချက်နှင့်အညီ ဆက်လက်စောင့်ထိန်းလိုက်နာသွားရန်လိုကြောင်း။

တပ်ကို ကွပ်ကဲတည်ဆောက်ရာတွင် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး လေးရပ်ဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထိရောက်သည့် လေ့ကျင့်ရေးက ကြံ့ခိုင်သန်စွမ်းမှုနှင့် ကျွမ်းကျင်မှုကို ရရှိစေပြီး ယုံကြည်မှုမြင့်မားကာ အောင်စိတ်ကိုရရှိစေသကဲ့သို့ပေးအပ်သည့် အမိန့်နှင့်တာဝန်များကိုလည်း ကျေပွန်အောင် ထမ်းဆောင်နိုင်စွမ်းရှိစေမည် ဖြစ်ကြောင်း၊ညီညွတ်မျှတမှန်ကန်သည့် အုပ်ချုပ်ရေးသည် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စေရုံသာမက အမှုအခင်းလျော့နည်းရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်ရေးတို့ကို ခိုင်မာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် လူ့သဘောသဘာဝကို သိရှိပြီး စစ်သည်မိသားစုများ၏ သက်သာချောင်ချိရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းသည် တပ်နေပျော်ပြီး စစ်တိုက်ပျော်လာစေမည်ဖြစ်ကြောင်း၊ ထိုသို့လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းများကို မှန်ကန်မျှတစွာဆောင်ရွက်ပေးခြင်းဖြင့် စစ်သည်များ၏ စိတ်ဓာတ်သည် ပိုမိုခိုင်မာအားကောင်းစေပြီး စစ်သည်တိုင်း တိုက်ပွဲဝင်လိုစိတ် အစဉ်အမြဲရှိနေမည်ပင်ဖြစ်ကြောင်း၊ တိုက်ပွဲဆိုသည်မှာ ရန်သူနှင့် မိမိတပ်များ၏ တိုက်ပွဲဝင်လိုစိတ်နှင့် အောင်ပွဲခံလိုစိတ်တို့ ယှဉ်ပြိုင်နေခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်၊ လှေခွက်ချည်းကျန်အလံမလှဲသည့် စိတ်ဓာတ်၊ ရဲသုံးရဲ၊ မြဲသုံးမြဲ တို့သည် စစ်ကဏ္ဍကြီးလေးရပ်လုံး၏ အောင်မြင်မှု သော့ချက်များဖြစ်ကြောင်း။

**မိမိတို့နိုင်ငံ၏ ပထဝီအနေအထားကိုကြည့်ပါက လူအင်အား၊ စီးပွားရေးအင်အားကြီးမားသည့် နိုင်ငံကြီး နှစ်နိုင်ငံကြားတွင်တည်ရှိနေခြင်းကြောင့် နိုင်ငံတော်၏ ကာကွယ်ရေးမဟာဗျူဟာကိုပြည်သူ့စစ်မဟာဗျူဟာအဖြစ် ဖော်ဆောင်ကျင့်သုံးလျက်ရှိ . . .**

**ပြည်သူလူထု၏ ယုံကြည်လေးစားအားကိုးမှုကို ရရှိစေရန်အတွက် တပ်မတော်သည် စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းနေရန် လိုအပ် . . .**

**ပြည်သူနှင့် တပ်မတော် တစ်သားတည်းဖြစ်မှသာ ပြည်သူ့စစ်မဟာဗျူဟာများကို အကောင်အထည်ဖော်နိုင်မည်ပင်ဖြစ် . . .**

စိတ်ဓာတ်ကောင်းသည့် ခေါင်းဆောင်သည် မည်သည့်စည်းကမ်းနှင့် အမိန့်ကိုမဆို လိုက်နာနိုင်သူများဖြစ်ကြောင်း၊ တစ်ဦးချင်း စိတ်ဓာတ်ကောင်းအောင် လေ့ကျင့်နိုင်ပါက အဖွဲ့လိုက်လည်း ကောင်းလာမည်ဖြစ်ပြီး တိုက်စွမ်းရည်ကို ရရှိလာမည်ဖြစ်ကြောင်း၊ စိတ်ဓာတ် ကောင်းမွန်စေရန်အတွက် တပ်မတော်၏ သမားစဉ်လုပ်ငန်းများကို သတ်မှတ်ချိန်များအတိုင်း မိမိကစ၍ လက်အောက်ငယ်သားများပါ လိုက်ပါဆောင်ရွက်အောင် အမြဲကွပ်ကဲကြပ်မတ်နေရမည်ဖြစ်ကြောင်း၊ ထိုသို့ လေ့ကျင့်မှု၊ အုပ်ချုပ်မှု၊ သက်သာချောင်ချိမှုနှင့် စိတ်ဓာတ်ခိုင်မာကောင်းမွန်မှုများဖြင့် တပ်ကိုတည်ဆောက်သွားရမည် ဖြစ်ကြောင်း။

တပ်တစ်တပ်၏ တိုက်စွမ်းရည်ထက်မြက်ရန်အတွက် စစ်သည်အဆင့်အတန်းအားလုံး တစ်ဦးချင်းလေ့ကျင့်ရေးနှင့် အဖွဲ့လိုက် လေ့ကျင့်ရေးကိုပါ ပီပြင်အောင်ပြင်းပြင်းထန်ထန် လေ့ကျင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စစ်သည် တစ်ဦးချင်း၏ ကိုယ်စီတာဝန်လေ့ကျင့်ရေး ကျွမ်းကျင်မှုမှသည် တပ်စိတ်၊ တပ်စု၊ တပ်ခွဲ နောက်ဆုံးတပ်မတော်ဆိုသည့် အဖွဲ့အစည်း၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ အောင်မြင်စွာထမ်းဆောင်နိုင်သည်အထိ စစ်ပညာရပ်များကို လေ့ကျင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ကြီးလေးသည့် တာဝန်များကိုထမ်းဆောင်ရာတွင် မိမိကိုပေးအပ်သည့် တာဝန်နှင့်ပတ်သက်ပြီး အစဉ်အလာကောင်းများ ရေးထိုးနိုင်ရန် ကြိုးစားရမည်၊ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရာတွင်လည်း မိမိလုပ်ဆောင်မှုကို ပေါ်လွင်ထင်ရှားအောင် လုပ်ပြနိုင်ရန်လိုအပ်သကဲ့သို့ လုပ်ထားမှန်း သိအောင်လည်း လိမ္မာပါးနပ်စွာတင်ပြတတ်ရမည်၊ တာဝန်ထမ်းဆောင်ရာတွင်လည်း လူတော်လူကောင်းဖြစ်ရန်နှင့် လူကောင်းလူတော် ဖြစ်ရန်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူတော်ပြီး လူမကောင်းပါက ကာယကံရှင်နှင့် မိသားစုများပါ ပြဿနာမြောက်မြားစွာနှင့် ရှုပ်ထွေးမှုဖြစ်စေခြင်း၊ လူကောင်းပြီး လူမတော်ပြန်လျှင်လည်း ပေးအပ်သည့် ရည်မှန်းချက်များအောင်မြင်စွာ အဆုံးသတ်စေမည့် ကိုယ်ပိုင်အရည်အချင်းနှင့် အရည်အသွေးပါ အားနည်းသည့်အတွက် ဘက်စုံတိုးတက်မှုအကောင်အထည်မဖော်နိုင်ခြင်းတို့ကို ဖြစ်ပေါ်စေသည့်အတွက် လူလည်းတော်၊ စိတ်ဓာတ်လည်းကောင်းမွန်သည့် ခေါင်းဆောင်ငယ်များဖြစ်အောင် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** သွားကြရန် မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချို မဟာသရေစည်သူစိုးဝင်း တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၁ ဗိုလ်လောင်းပိုင်ဟိန်းသူအား ငွေဓားဆုချီးမြှင့်ပေးအပ်စဉ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ နိုင်ငံတွင်းတွင် နေထိုင်ကြသည့် ပြည်သူများအားလုံး၏ တာဝန်ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်သည်လည်း အဓိကတာဝန်အရှိဆုံးဖြစ်သည်ကို သိရှိထားရန်လိုကြောင်း၊ ထိုသို့ ကာကွယ်နိုင်ရန်အတွက် တပ်မတော်သားအားလုံးသည် စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်း၊ မိမိတို့တပ်မတော်သားတိုင်းသည် ဖြဋ္ဌာန်းထားသည့် စစ်သည်တော်ကျင့်ဝတ် ၆၀ ပါးကို တိကျစွာ လိုက်နာနိုင်မှသာ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေး အောင်မြင်နိုင်မည်ဖြစ်ပြီး တိုက်စွမ်းရည်ကိုလည်း တိုးတက်မြင့်မားလာစေမည်ဖြစ်ကြောင်း၊ စည်းရုံးရေးဆိုသည်မှာ မိမိဆောင်ရွက်လိုသည့်လုပ်ငန်းကို လက်အောက်မှ ၎င်းတို့၏စိတ်ဆန္ဒအတိုင်း လိုက်ပါ လုပ်ဆောင်စေခြင်းပင်ဖြစ်ကြောင်း၊ အရေးပေါ်မှထပြီး လုပ်ဆောင်ရသည့် လုပ်ငန်းမဟုတ်ဘဲ အချိန်နှင့်အမျှလုပ်ဆောင်နေရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ခြင်းကြောင့် စဉ်ဆက်မပြတ် ပီပီပြင်ပြင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**ယနေ့အချိန်တွင် ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်တွင်း၊ ပြည်ပအကြမ်းဖက်သမားများသည် စာမျက်နှာ ၂၀ သို့**

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောင်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များက သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ကြစဉ်။

**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အဖွဲ့ဝင်များက ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)စစ်တီးဝိုင်းအဖွဲ့ကို ချီးမြှင့်ငွေများ ပေးအပ်စဉ်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည်တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်တီးဝိုင်းအဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်မျိုးသန့်၊ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မျိုးဇော်ဝင်း၊ ကျောင်းဆင်းဗိုလ်လောင်းများ၊ ၎င်းတို့၏မိဘဆွေမျိုးများနှင့်နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်နှင့် ကျောင်းအုပ်ကြီးတို့က စင်မြင့်တွင်နေရာယူကြသည်။ဆက်လက်ပြီး စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများပေးအပ်ပြီးနောက် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)ကို ၁၉၄၆ ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁ မှ ၁၆) ထိလည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ပြင်ဦးလွင်မြို့မှ ဗထူးတပ်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇ မှ ၂၈)ထိလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ဗထူးတပ်မြို့မှ မှော်ဘီမြို့သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉ မှ ၈၂)ထိလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် မှော်ဘီမြို့မှ ဗထူးတပ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၃)မှ ယနေ့ထိလည်းကောင်း ဗိုလ်လောင်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကာအရာရှိများစွာ မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)မှ ကျောင်းဆင်းအရာရှိများအနက် အောင်ဆန်းသူရိယဘွဲ့ရရှိသူတစ်ဦး၊ သီဟသူရဘွဲ့ရရှိသူ ၁၀ ဦး၊သူရဘွဲ့ရရှိသူ ၉၄ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ချီးမြှင့်ခံရသူ ၄၁၁ ဦးထိ ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး၊ နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များကို လိုက်လံကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူလျက်ရှိသည့် သံဃာတော်တစ်ပါး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းကာ အားပေးစကားလျှောက်ထားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် အဖွဲ့ဝင်များလိုက်ပါ၍ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ကို ဆေးရုံတပ်မှူးက ဆေးရုံအစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊စစ်သည်၊မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

စာမျက်နှာ ၂၃ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့်ဆေးရုံအတွက် အလှူငွေများကို ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် အမျိုးသမီးနှင့် ကလေးကုသဆောင်၌ မီးဖွားလူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



စာမျက်နှာ ၂၂ မှအဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် အလှူငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဗထူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဗထူးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လျှပ်စစ်သုံးယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခုကို ခွင့်ပြု

**နေပြည်တော် ဧပြီ ၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ခြောက်ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၉၁၁ သန်းနှင့် ငွေကျပ် ၈၄၅၅၀၀ ဒသမ ၈၇၆ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃၄၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ခရီးသွားကဏ္ဍတိုးမြှင့်စေမည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများလည်းပါဝင်သည်။

၂၀၂၄ ခုနှစ် မတ်လကုန်ထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးခြံအတွင်း သီးနှံများစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် နွားမေထုန်မဲ့သားစပ်ခြင်း ပြုလုပ်ရန်အတွက် သားစပ်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဥစားကြက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နွားများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးခြံအတွင်း ခင်းကျင်းပြသထားသည့် ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်း၊ ခရမ်းချဉ်သီးများကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ နေ့လယ်ပိုင်းတွင် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့ သွားရောက်၍ တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးခြံအတွင်း ရာသီသီးနှံနှင့် မြေအစားထိုးသီးနှံ စိုက်ပျိုးထားရှိမှုများ၊ ကျောက်စိမ်းတစ်သျှူးငှက်ပျော (သီးမွှေး) စိုက်ပျိုးထားရှိမှုများ၊ မြေစိုက်ရေခံအဆောက်အအုံနှင့် လေလုံအအေးပေးအဆောက်အအုံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ မေထုံမဲ့နည်းပညာဖြင့် နို့စားနွားနှင့် အသားတိုးနွားများ မွေးမြူထားရှိမှု၊ DYL မျိုးဖြင့် ဝက်များမွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

၎င်းနောက် စိုက်ပျိုးမွေးမြူရေးခြံအတွင်း ခင်းကျင်းပြသထားသည့် ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညင်း၊ ခရမ်း စသည့်များကို မျိုးကောင်းမျိုးသန့်များ အဖြစ် အဆင့်ဆင့်မျိုးစေ့ထုတ်လုပ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များနှင့်ဖြင့်ပသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဝေရောက်ချပေးနေမှုနှင့် တပ်ရင်းမှ ထွက်ရှိသော လား၊ မြင်းချေးနှင့် စံပြမွေးမြူရေးခြံမှ ထွက်ရှိသော ကြက်၊ ဝက်၊ နွားချေး တုန်ကြမ်းပစ္စည်းများကို အာဟာရတန်ဖိုးမြင့် သဘာဝမြေဆွေးအဖြစ် အသုံးပြုနိုင်ရန် စမ်းသပ်ထုတ်လုပ်နေမှုများနှင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့များသည် မွေးမြူရေးခြံများအတွင်း ဥစားကြက်များမွေးမြူထားရှိမှုများကိုလည်းကောင်း၊ နွားမေထုန်မဲ့သားစပ်ခြင်းပြုလုပ်ရန်အတွက် သားစပ်ကိရိယာများ ခင်းကျင်းပြသထားရှိမှုကိုလည်းကောင်း၊ ဝက်မွေးမြူရေးခြံတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ စိုက်ပျိုးမွေးမြူရေးခြံအတွင်း ၎င်းတပ်အတွက် ပထမဦးဆုံး မေထုန်မဲ့သားစပ်ခြင်း နည်းပညာဖြင့် စမ်းသပ်ဝက်များ မွေးမြူထားရှိရာ အဆိုပါမေထုန်မဲ့နည်းပညာဖြင့် သားစပ်ခြင်းဆောင်ရွက်ရာတွင် ဝက်မကြီး တစ်ကောင်သည် ပျမ်းမျှအားဖြင့် ၁၂ ကောင်ထိ သားပေါက်နိုင်ကြောင်းနှင့် အဆိုပါခြံအတွင်း အသားတိုးဝက်များကိုလည်း မွေးမြူထားရှိကြောင်း သိရှိရသည်။

ဝက်မွေးမြူရေးနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က မှာကြားရာတွင် ဝက်မွေးမြူရေးတွင် သဘာဝအတိုင်းသားစပ်ခြင်းနှင့် မေထုန်မဲ့သားစပ်ခြင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ သဘာဝနည်းဖြင့် သားစပ်ခြင်းသည် တစ်ကြိမ်လျှင် ဝက်မတစ်ကောင်သာ မျိုးစပ်နိုင်သော်လည်း မေထုန်မဲ့နည်းဖြင့် သားစပ်နည်းသည် ဝက်မသုံးကောင်မှ ငါးကောင်ထိ ဆပွားသားစပ်နိုင်ကြောင်း၊ မေထုန်မဲ့သားစပ်ခြင်းဖြင့် ရရှိလာသော ဝက်သားပေါက်ငယ်များသည် ပိုမိုကျန်းမာ၍ ကြီးထွားနှုန်း ပိုမိုကောင်းမွန်ကြောင်းကို တွေ့ရှိရသဖြင့် မေထုန်မဲ့သားစပ်ခြင်းဖြင့်ရရှိသော ဝက်သားပေါက်များကို သက်တမ်းအလိုက် ဆက်လက်စောင့်ကြည့်သုတေသနပြုလုပ်ရန်လိုကြောင်း၊ အသားအတွက် မွေးမြူထားသော အသားတိုးဝက်နှင့်ပတ်သက်၍ တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊

စာမျက်နှာ ၂၅ သို့

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၂၁)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာ ကျင်းပပြုလုပ်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် သိမ်ဆွမ်းလောင်းလှူစဉ်။

**နေပြည်တော် မေ ၃**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၂၁) ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကို မေ ၂ ရက်နှင့် ယနေ့တို့တွင် တိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မစေတီယကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်၊သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှ ရဟန်းခံ၊ရှင်ပြု၊ သီလရှင်ဝတ်ကြမည့် အရာရှိ၊ စစ်သည်၊ မိသားစုများက နန်းမြို့အတွင်းရှိ နန်းဦးဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား လှည့်လည်ပူဇော်ကြပြီး နန်းမြို့ကျုံးတစ်ပတ်နှင့် မြနန်းစံကျော် ရွှေနန်းတော်ကြီးသို့ ပတ်၍ ရှင်လောင်းလှည့်လည်ခြင်းများနှင့် ရန်အောင်မြင်ခန်းမတွင် ရဟန်းလောင်း ၆၆ ပါး၊ ရှင်သာမဏေလောင်း ၆၄ ပါးနှင့် သီလရှင်လောင်း ခုနစ်ပါး စုစုပေါင်း ၁၃၇ ပါးတို့အား ဆံချမင်္ဂလာပြုလုပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမုဒ အမှူးပြုသော သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများနှင့် သီလရှင်လောင်းများအား သင်္ကန်းဆီးပေး၍ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး နန်းဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီးရှိ နန်းမြို့ ဆုတောင်းပြည့်သိမ်၌ သိမ်ထွက်ရဟန်းသံဃာ ၁၆၂ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သိမ်ဆွမ်းများ လောင်းလှူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်အောင်မြင်ခန်းမတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဓမ္မစေတီယကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကောသလ္လထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "လှိုင်သာယာပါးပါး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ရေတိမ်ကျေးရွာနေ ပိုင်းချစ်အား ည ၇ နာရီ ၄၅ မိနစ်တွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

**စာမျက်နှာ ၂၄ မှအဆက်**

ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အသားများပိုမိုဖြန့်ဝေနိုင်ရေး လက်ရှိမွေးမြူထားသော အသားတိုးဝက် ၂၅၆ ကောင်အပြင် ထပ်မံတိုးချဲ့မွေးမြူသွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး) ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)သို့ သွားရောက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ အကူအညီဖြင့် ရေကျော်တမံအသေး တည်ဆောက်လျက် လယ်မြေသစ်များဖော်ထုတ်၍ ၎င်းလယ်မြေယာသစ်များတွင်နွေစပါး၊ အာလူးနှင့် ပဲပုပ်များ စိုက်ပျိုးထားရှိမှုများကိုကြည့်ရှုစစ်ဆေးရာတပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း (ဗထူး)မှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦးကို စစ်မှုထမ်းရန်အတွက် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ်အရွယ် မောင်ဖိုးချစ်ကို စစ်မှုထမ်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လာရောက်ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိ




သူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ အခန်း(၁)၊ ပုဒ်မ ၂(ခ)တွင်လည်း စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူဆိုသည်မှာ အမျိုးသားဖြစ်လျှင် အသက် ၁၈နှစ်ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကို လည်းကောင်းဟူ၍ ပြဋ္ဌာန်းထားသည့်အတွက် တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာမှ အသက် ၁၅ နှစ်အရွယ် မောင်ဖိုးချစ်ကို စစ်မှုထမ်းဆောင်ရန်ဖမ်းဆီးသည်ဟု ဖော်ပြနေခြင်းမှာ ကောလာဟလ သတင်းမှားသာဖြစ်ကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်သည့်နေ့မှစပြီး တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ကောလာဟလသတင်းမှားများဖြင့် ပြည်သူများထင်ယောင်ထင်မှားဖြစ်စေရန်အတွက် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ https:/mod.gov.mm/node/74 တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃- ၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



# ကမ်းမဲ့လှိုင်း

ခင်ဇော်(သီတာတုန်းမြင့်)

(၁)

မြစ်ကမ်းစပ်သို့အရှိန်အဟုန်ပြင်းပြင်းဖြင့် လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံးရောက်ရှိ၍ လာနေကြသည်။ အချို့လှိုင်းလုံးကလေးများသည် ကမ်းစပ်သို့မရောက်ခင်မှာပင် လွင့်ပြယ်ပျောက်ကွယ်၍ ကမ်းမဲ့လှိုင်းများဖြစ်သွားရလေသည်။ ဤသည်ကား လောကနိယာမတရားပင်ဖြစ်တော့၏။

(၂)

မိခင်ဖြစ်သူနှင့်ဖုန်းပြော၍အပြီးတွင် သဇင်တစ်ယောက် သက်ပြင်းအကြိမ်ကြိမ်ချမိရင်း ကြမ်းပြင်ပေါ်သို့ စိတ်မသက်မသာထိုင်ချလိုက်သည်။ စက်ရုံတွင် တစ်နေကုန်အလုပ်ပင်ပန်းခဲ့ရသောကြောင့် သူ့ခန္ဓာကိုယ်လေးသည် မလှုပ်ချင်လောက်အောင် အားအင်ကုန်ခန်း၍နေသလို မိခင်ထံမှကြားရသည့်စကားကြောင့် မနက်ဖြန်ဆိုသည့် နေ့ရက်များကို ရင်မဆိုင်ရဲအောင် စိတ်ဓာတ်ပြိုလဲ ပျက်စီးခဲ့ရပြီး အရွယ်နှင့်မလိုက်အောင် အပူမီးအဟပ်ခံရပါပြီ။ သူ့ဘဝလေးသည် ငယ်စဉ်ကတည်းက ဆင်းရဲသောတောနေ လူတန်းစားများကြားတွင် မွေးဖွားခဲ့ပြီး သူ့အသက် ၁၀နှစ်အရွယ်သို့ ရောက်သည့်အချိန်၌ ဖခင်ဖြစ်သူမှာ တောထဲထင်းခုတ်သွားရင်း ပိုးထိ၍ ဆုံးပါးသွားခဲ့ရ၏။ ဖခင်ဆုံးသည့်နှစ်မှာပင် သူ၏ ပညာရေးသည်လည်း ငါးတန်းဘဝနှင့် အဆုံးသတ်ခဲ့ရသည်။ မိခင်နှင့်အတူ ကောက်စိုက်၊ မြက်နုတ်၊ စပါးသယ်စသည့် သမ္မာအာဇီဝကျသော ကြုံရာကျပန်းအလုပ်မျိုးစုံကို လုပ်ရင်း လောကဓံကိုကြံ့ကြံ့ခံ အန်တုရင်ဆိုင်ခဲ့ရသည်။ သူတို့မိသားစုလေး အဆင်ပြေပြေနေရဖို့ထက် ထမင်းနပ်မှန်အောင်စားရဖို့ပဲ ဆုတောင်းနေမိသည်။ ဆွေမျိုးများကရွာတွင် ချမ်းသာပြည့်စုံကြသူများဖြစ်ကြသော်လည်း မပြည့်မစုံချို့တဲ့လွန်းသည့် သူတို့သားအမိကို အခေါ်အပြောမလုပ်ကြပေ။ ဂုဏ်မာနကြီးလွန်းကြသည့် ဆွေမျိုးများနှင့်လည်း ကင်းကင်းရှင်းရှင်းပင်နေထိုင်ခဲ့သည်။

(၃)

ရပ်ထဲရွာထဲတွင်ပြုလုပ်သည့် အလှူမင်္ဂလာပွဲများတွင် သက်တူရွယ်တူအပျိုမိန်းကလေးများနည်းတူ သူလည်း လှလှပပဝတ်စားဆင်ယင်ပြီး ကွမ်းတောင်ပန်းတောင်ကိုင်ချင်၏။ လူတကာ၏ရှေ့တွင် ထင်ပေါ်ကျော်ကြားလိုစိတ်လည်းရှိသည်။ သို့သော် သူ့အခြေအနေက အဝတ်အစားအလှအပထက် ထမင်းနပ်မှန်ရေးသာ အရေးပေးရမည့်ဘဝဖြစ်ကြောင်း ကိုယ့်ဘဝအမှန်ကိုနားလည်သည်။ ကိုယ့်ဘဝကိုယ် ပြန်တွေးမိတိုင်း အားငယ်ရ၏။ အရွယ်ရောက်ကတည်းက သက်သောင့်သက်သာနေရသည့်အချိန်ဟူ၍မရှိဘဲ ဘဝအတွက်ရုန်းကန်လှုပ်ရှားခြင်းများနှင့်သာ အချိန်ကုန်ခဲ့ရသည်။ အရာရာအောက်ကျလွန်းသည့် ဆင်းဆင်းရဲရဲဘဝက လွတ်မြောက်ရေးသည် သူ၏အဖြစ်ချင်ဆုံးဆန္ဒဖြစ်သည်။ ရွာတွင် သူများခိုင်းမှအလုပ်ရသည့် အလုပ်သမားဘဝထက် မြို့တက်ပြီး အခြားမိန်းကလေးများနည်းတူ စက်ရုံများတွင် နေ့စဉ်ပုံမှန်လုပ်ရသည့် အလုပ်မျိုးကို သူလုပ်ချင်သည်။

ထိုအလုပ်များက ကိုယ်ကြိုးစားလျှင်ကြိုးစားသလို နှစ်ကြာလာလေ လုပ်ခလစာတိုးလေဖြစ်ကြောင်း မြို့ပေါ်စက်ရုံတွင် အလုပ်ဆင်းနေသည့် သူငယ်ချင်းက ပြောပြထား၍ သိသည်။ သူ၏သူငယ်ချင်းသည် စက်ရုံတွင်လုပ်သည့်လုပ်အားခနှင့် ရွာမှမိဘများကို ပံ့ပိုးနိုင်သည်။ အိမ်နှင့်ခြံ ဝယ်ပေးနိုင်သည်။ လက်ဝတ်လက်စားနှင့် အဝတ်အထည်များပင် ဝတ်နိုင်သည့်အတွက် သူအလွန်အားကျ၏။ သူ့သူငယ်ချင်းလို ဖြစ်အောင် သူ ကြိုးစားချင်သည်။ ထို့ကြောင့် အသက် ၁၈ နှစ်ပြည့်ချိန်တွင် ရန်ကုန်သို့တက်ပြီး သူငယ်ချင်းဖြစ်သူ၏ အကူအညီပေးမှုနှင့် အထည်ချုပ်စက်ရုံတစ်ခုတွင်အလုပ်ရခဲ့သည်။

(၄)

စက်ရုံတွင် အလုပ်ဆင်းသည့်နေ့မှစ၍ သူ့ဘဝသည် ရွာမှာတုန်းကကဲ့သို့ လူတကာအလယ် မျက်နှာငယ်ရသည့် သူများခိုင်းဖတ်မဟုတ်တော့ဘဲ ကြီးမားစွာပြောင်းလဲခဲ့ပြီဟု ခံယူထားသည်။ လူသစ်စိတ်သစ်ဖြင့် အလုပ်သစ်တွင် အကောင်းဆုံးကြိုးစား၍ သူ့ဘဝတိုးတက်အောင် ကြိုးစားမည်ဟူ၍လည်း စိတ်ပိုင်းဖြတ်ထား၏။ လကုန်၍ လစာထုတ်တိုင်းရရှိသည့် လစာငွေနှစ်သိန်းထဲမှ ရွာက အမေ့ကို လစဉ် ငွေတစ်သိန်း ပံ့ပိုးမည်။ ခြောက်သောင်းကို စားစရိတ်နှင့်နေဖို့ကို လောက်ငအောင် သုံးမည်။ ပိုငွေ လေးသောင်းကို စုဘူးထဲ လစဉ်ငွေစုမည်။ တစ်နေ့တစ်နေ့ စက်ရုံမှာသာ အချိန်ကုန်ရသည်ဖြစ်၍ မြို့ထဲကိုလည်း ထွက်မလည်ဖြစ်ပါ။ ထို့ကြောင့် အဝတ်အစားအသစ်လည်း မဝယ်ပါ။ လစဉ် ငွေလေးသောင်းစုမိရန်နှင့် နှစ်ကုန်သည်နှင့် စုဘူးလေးဖောက်ပြီး မိခင်အတွက် နားကပ်ကလေးတစ်ရန် ဝယ်နိုင်ရမည်ဆိုသည့် ရည်မှန်းချက်ဖြင့်နေ့စဉ်နှင့်အမျှ မိမိကိုယ်ကို စိတ်ခွန်အားပေး၍ ကြိုးစားခဲ့သည်။

"ဒီနေ့ အလုပ်ပိတ်ရက်မို့ မြို့ထဲလျှောက်လည်ရင်း တစ်ခုခုသွားစားရအောင် သဇင်ရေ"

"မနက်ကတည်းက ခေါင်းထဲမရှင်းဘူးဖြစ်နေလို့ သူငယ်ချင်းရေ။ နောက်တစ်ခေါက်ကျမှ လိုက်မယ်သိလား"

အခန်းထဲအတူနေ သူငယ်ချင်းများက အလုပ်ပိတ်ရက် မြို့ထဲလျှောက်လည်ရန် ခေါ်ကြသည်။ တကယ်တော့ သူလို တောသူမတစ်ယောက်က ပိတ်ရက်ကလေးကို ရန်ကုန်က ဘုရားများနှင့် မရောက်ဖူးသည့် အထင်ကရနေရာများကို သွားချင်သည်။

❖ စက်ရုံတွင် အလုပ်ဆင်းပြီး ရှစ်လခန့်တွင် စုဘူးထဲကငွေလေးကို ထုတ်ပြီး သူ့မိခင်ကို နားကပ်ကလေးတစ်ရန် ဦးဦးဖျားဖျား လုပ်ပေးနိုင်ခဲ့ပြီး ရွာကနေ မြို့ကိုလာသည့် ဦးလေးတစ်ယောက်နှင့်မိခင်ဆီကိုထည့်ပေးနိုင်ခဲ့သည်။ ပထမဆုံးဖြစ်ချင်သည့် သူ့ဆန္ဒလေးဖြစ်မြောက်သွားသည့်အတွက် အပျော်ကြီးပျော်ခဲ့ရသည်။ သူ့အတွက် နားကပ်ကလေးတစ်ရန်နှင့် ရွာကအိမ်ကိုအသစ်ပြန်ဆောက်မည် စသည့် နောက်ထပ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက်လည်း ခွန်အားများပို၍ ဖြစ်ခဲ့ရသည်။ ❖

သို့သော် အပြင်ထွက်ပါက သူငယ်ချင်းများနှင့်သွားသည်ဆိုသော်လည်း ငွေကပါဦးမှဖြစ်မည်။ သူ၏ စုငွေထဲက ပါ၍မဖြစ်။ ထို့ကြောင့် လိုက်ချင်သွားချင်ပါသော်လည်း နေမကောင်းလို့ပါဆိုသည့် အကြောင်းပြချက်ဖြင့် အလိမ္မာသုံးပြီး ငြင်းခဲ့ရသည်။

စက်ရုံတွင် အလုပ်ဆင်းပြီး ရှစ်လခန့်တွင် စုဘူးထဲကငွေလေးကိုထုတ်ပြီး သူ့မိခင်ကို နားကပ်ကလေးတစ်ရန် ဦးဦးဖျားဖျား လုပ်ပေးနိုင်ခဲ့ပြီး ရွာကနေ မြို့ကိုလာသည့် ဦးလေးတစ်ယောက်နှင့် မိခင်ဆီကို ထည့်ပေးနိုင်ခဲ့သည်။ ပထမဆုံးဖြစ်ချင်သည့် သူ့ဆန္ဒလေးဖြစ်မြောက်သွားသည့်အတွက်အပျော်ကြီး ပျော်ခဲ့ရသည်။ သူ့အတွက် နားကပ်ကလေးတစ်ရန်နှင့် ရွာကအိမ်ကို အသစ်ပြန်ဆောက်မည် စသည့် နောက်ထပ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက်လည်း ခွန်အားများပို၍ ဖြစ်ခဲ့ရသည်။

(၅)

"သူငယ်ချင်း နင့်အမေ အဆောင်ကိုလိုက်လာတယ်။ ထွက်တွေ့လိုက်အုံး"

စက်ရုံမှာအလုပ်ရပြီဆိုကတည်းက သူ ရွာကိုမပြန်ဖြစ်တာ ၁၀လခန့်ရှိပြီဖြစ်၏။ မိခင်ကိုသတိရပါက ဖုန်းဆက်၍သာ အလွမ်းဖြေခဲ့ရသည်။ စက်ရုံပိတ်ရက် ရွာပြန်လို့ရသော်လည်း ရွာနှင့် ရန်ကုန်ကိုအသွားအပြန် ကုန်ကျမည့်ခရီးစရိတ်သည် သူ၏လစဉ်စုငွေကလေး ပြုတ်သွားနိုင်သည်။ ထို့ကြောင့် ရွာကိုပြန်ချင်သော်လည်း မပြန်နိုင်ခဲ့ရခြင်းဖြစ်သည်။ စက်ရုံအလုပ်က ပြန်ရောက်ရောက်ချင်း တစ်ခန်းတည်းနေ သူငယ်ချင်းဖြစ်သူထံမှ ကြားရသည့် ရွာကအမေ ရန်ကုန်ကိုလိုက်လာသည်ဆိုသည့် သတင်းစကားကြောင့် ဝမ်းသာအားရနှင့် အဆောင်အပြင်ကို အမြန် ထွက်ပြီး ကြည့်မိရာ ခရီးဆောင်အိတ်တစ်လုံးကိုဆွဲ၍ သူ့ကိုပြုံးကြည့်နေသည့် မိခင်ကိုတွေ့ရသဖြင့်ပြေး၍ အားပါးတရဖက်ထားမိသည်။ မတွေ့ရတာကြာပြီဖြစ်သော မိခင်နှင့်ဆုံရသည့်အတွက် ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင်ကျမိသည်။

သို့သော် ဝမ်းသာမှုက မကြာရှည်ခဲ့ပါ။ တစ်ခဏအတွင်းမှာပင် နေလောင်ထားသည့်ပန်းတစ်ပွင့်နှယ် နွမ်းကြေခဲ့ရသည်။ သူ မသုံးရက်မစားရက်ဘဲ ကြိုးကြိုးစားစားနှင့်စုပြီး လုပ်ပေးခဲ့သည့် နားကပ်ကလေး မိခင်နားတွင် မတွေ့ရသောကြောင့် ဖြစ်ပေသည်။ ဤအကြောင်းကို သိချင်စိတ်ကြောင့် အမြန်မေးမိသည်။

"အမေ့နားကပ် နားမှာမတွေ့ပါလား"

သူ့အမေးစကားအဆုံးတွင် မိခင်၏မျက်နှာ ချက်ချင်း ညှိုးနွမ်းသွားသည်။ ထို့နောက် သူ၏လက်ကလေးကို မိခင်က ဖွဖွကလေးကိုင်ရင်း တောင်းပန်သည့်လေသံဖြင့်-

"အမေ့ရဲ့မိုက်ပြစ်တွေပါ သမီးရယ်။ အခုရွာမှာလေ နှစ်လုံးထီလောင်းကစားတွေ တအားခေတ်စားနေတယ် သမီးရဲ့။ ပြီးခဲ့တဲ့လတုန်းကဆို တစ်ရွာလုံးပေါက်ကြမြတ်ကြတာ။ ပေါက်ကြတဲ့သူတွေကို အမေလဲ အားကျတာနဲ့ နှစ်လုံးထီ ကစားမိတယ်။ အမေကစားတဲ့အပတ်မှ ဒိုင်စားတဲ့အပတ် ဖြစ်သွားတယ်။ တစ်ရွာလုံးရှုံးလိုက်ကြတာသမီးရယ်။ အချို့ဆိုရင် အိမ်တွေ၊ လယ်တွေ တောင်ချပေးရတယ်"

"ဒီလိုနဲ့ သမီးလုပ်ပေးတဲ့နားကပ်ကလေး ကုန်သွားတယ်ပေါ့"

ဒေါသတကြီးဖြင့် မိခင်ဖြစ်သူကို ပြန်၍အော်ငေါက်မိသည်။

"နားကပ်ကလေးလဲ ရောင်းလိုက်ရသလို ပြီးတော့"

သူ့မိခင်သည် စကားကိုဆက်မပြောနိုင်ဘဲ ဒေါသထွက်နေသည့်သမီးဖြစ်သူ၏ပုံပန်းသဏ္ဌာန်ကိုကြည့်၍ ပြောမည့်စကားများ ခဏရပ်သွားသည်။

စာမျက်နှာ ၂၇သို့ ➤

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၁၁၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျုံပျော် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၁၁၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၄၃၇ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလ တတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၈၁၁၄ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာဌာနများက စနစ်တကျ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ အခုနှစ် နွေသီးနှံစိုက်ပျိုးရာသီစပါး ၁၈၄၃၇ ကေ လျာထား စိုက်ပျိုးနေတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့ ပိုးမွှားရောဂါကာကွယ်ရေး လုပ်ငန်းနဲ့ စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ စိုက်ပျိုးရေ ရရှိဖို့အတွက် ရေမြောင်းတွေပြန်လည် တူးဖော်တဲ့လုပ်ငန်းတွေကိုလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်" ဟုကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ ရက် ၉၀၊ သီးထပ်ရင့်နှစ်လခွဲစသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း(ရှမ်း)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် မေ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆွပ်ပန်း(ရှမ်း) ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မေ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ ဆွပ်ပန်း (ရှမ်း)ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် တံတား ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းကြရန် မှာကြားသည်။

မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း (ရှမ်း)ကျေးရွာ၌ လမ်းအရှည် ၆ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ရှစ်ပေရှိ တံတားတစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခင်မာ**

➤ စာမျက်နှာ ၂၆ မှအဆက်

"ပြီးတော့ ဘာဖြစ်သေးလဲအမေ။ သားအမိနှစ်ယောက်ကြားမှာ ဘာမှလျှို့ဝှက်ထားစရာအကြောင်းမရှိတာကောင်းတယ်"

"ဒီလိုပါသမီးရယ်။ နားကပ်အပြင် သူများကို ပေးစရာအကြွေးသုံးသိန်းတင်နေတယ်။ အဲဒါ"

မိခင်ထံမှကြားရသည့်စကားကြောင့် ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်းများကြောင့် သက်ပြင်းရှည်များကို တစ်ချက်ပြီးတစ်ချက်ချနေမိ၏။

"လုပ်ရက်လိုက်တာအမေရယ်။ သမီးတို့သားအမိဘဝလေး ပြောင်းလဲဖို့အတွက် သမီးကတော့ မစားရက်၊ မသွားရက်နဲ့ ငွေကိုစုလိုက်ရတာ။ အမေ့ကြောင့် သမီးရဲ့ရည်မှန်းချက်တွေပျက်စီးရပါပြီ"

သူ့ရင်ထဲကစကားများကို ဖွင့်ထုတ်ပြောရင်း ဝမ်းနည်းစိတ်ကြောင့် မျက်ရည်များပင်ကျလာသည်။

"အမေ့အမှားအတွက် သမီးကို တောင်းပန်ပါတယ်ကွယ်။ နောင်ကို အမေဒီနှစ်လုံးထိုးလုပ်တာကို ဘယ်တော့မှမလုပ်တော့ပါဘူးလို့ သမီးကို အမေ ကတိပေးပါတယ်နော် သမီး"

မိခင်ဖြစ်သူက နှစ်သိမ့်ပြောဆိုရင်း သမီးဖြစ်သူ၏ပါးပြင်ပေါ်က စီးကျလာသည့်မျက်ရည်စများကို သူ့လက်ကလေးဖြင့် ဖယ်ရှားပေးနေ၏။ သူတစ်ပါးကိုပေးဆပ်ရန်ကျန်ရှိနေသော အကြွေးသုံးသိန်းကြောင့် သူတို့သားအမိ၏ ဂုဏ်သိက္ခာကိုအပျက်အစီးမခံနိုင်ပါ။

ထို့ပြင် မိခင်၏တစ်ကြိမ်တစ်ခါ မှားမိသည့်အမှားကို သူခွင့်လွှတ်နားလည်ပေးရမည်။ ထို့ကြောင့် စက်ရုံမန်နေဂျာကို အကူအညီတောင်း၍ ငွေသုံးသိန်းကို ကြိုတင်ငွေအဖြစ်တောင်းကာ မိခင်ကို ပေးလိုက်ပါတော့သည်။

**(၆)**

"သဇင်ရေ နှင့်အမေဆီက ဖုန်းလာတယ်ဟေ့"

သူ့မိခင် ရန်ကုန်က ပြန်သွားပြီးကတည်းက သားအမိချင်းမတွေ့ဖြစ်သည်မှာ နှစ်လခန့်ရှိခဲ့ပြီဖြစ်သော်လည်း လစာထုတ်ရက်တိုင်း ရွာက မိခင်၏စားဝတ်နေရေးအတွက် ငွေအမြဲပို့ဖြစ်သည်။ လခငွေထဲက ယူထားသည့် အကြွေးကိုလည်း ဖဲ့ပြီးဆပ်နေရသည့်အတွက် သူ၏အသုံးအစွဲ၊ ဝတ်မှုစားမှုကအစ တော်တော်ခြိုးခြံ၍နေခဲ့ရသည်။ တစ်ခါတလေ မိမိဘဝကိုတွေးရင်း စိတ်အားငယ်ရသည့်အခါတိုင်းနောက်ထပ် လေးလထပ်ပြီး အကြွေးဆပ်ပြီးပါက ယူထားသည့် အကြွေးကျေပြီဖြစ်ကြောင်း တွေးကာ မိမိကိုယ်ကို ဖြေသိမ့်ရပြန်သည်။

ညနေစက်ရုံအလုပ်သိမ်း၍ အဆောင်သို့ပြန်လည်ရောက်ရှိခါစရှိသေး အဆောင်ပိုင်ရှင်အဒေါ်ကြီးထံမှ ကြားရသည့်စကားကြောင့် အဒေါ်ကြီးကမ်းပေးသည့်ဖုန်းကိုယူ၍ နားထောင်ပြီး-

"အမေရေ ပြောလေ" ဟုနှုတ်ဆက်စကားဆိုမိ၏။ သို့သော် ဖုန်းထဲမှ မိခင်၏ အဆက်မပြတ်ငိုနေသောအသံကြောင့် သူနားမလည်နိုင်ဖြစ်ရသည်။ စိတ်ထဲမှာလည်း-

အမေ တစ်ခုခုများဆိုသည့်အတွေးကြောင့် နှလုံးခုန်သံမြန်လာသလို မိခင်ဆီကထွက်လာမည့် စကားသံများကို ရင်ဆိုင်ရန် အားမရှိသလို ခံစားမိ၏။

"အမေ့ကို ခွင့်မလွှတ်ပါနဲ့သမီးရယ်။ သမီးဆီကပြန်သွားပြီးကတည်းက အမေနှစ်လုံးထိုး လောင်းကစားအလုပ်ကိုမလုပ်တော့ဘူးလို့ ဆုံးဖြတ်ပြီး အေးအေးဆေးဆေးပဲ နေထိုင်ခဲ့တာပါ။ ဒါပေမဲ့ ရွာထဲက လူတချို့က အမေ့ကို လာပြောကြတယ်။ အရှုံးနဲ့ရပ်မထားသင့်ဘူး။ ငွေကို ငွေနဲ့ပြန်လိုက်ရတယ်တဲ့။ အရှုံးနဲ့ရပ်လိုက်ရင် ရှက်စရာကောင်းတယ်။ အနိုင်နဲ့ပိုင်းပြီးရပ်လိုက်မှ ဂုဏ်ရှိတယ်လို့လာပြီးပြောကြလို့ အမေလဲ မခံချင်စိတ်နဲ့ အိမ်ခြံကို ငွေကျပ်၁၅သိန်းနဲ့ အပေါင်ပေးပြီး တစ်ပတ်ဝင်ကစားမိတာ ထပ်ပြီးရှုံးပြန်တယ်။ အခုတော့ ခြံအပေါင်ခံထားတဲ့သူက အခုလမှခြံပြန်ပြီးမရွေးရင် အဆုံးလို့ လာပြီးပြောနေတာနဲ့ သမီးဆီကို အမေဖုန်းဆက်ရတာပဲ။ သမီးအသိတွေမှာ ဟိုတစ်ခါတုန်းကလို ငွေခဏလောက် ချေးငှားလို့ရရင်"

ဖုန်းထဲက မိခင်၏စကားသံများကို သူဆက်၍နားထောင်နိုင်သည့် စွမ်းအားမရှိတော့ပါ။ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ပုံလျက်လဲကျသွားခဲ့တော့သည်။

## စာပေအလင်းရောင် ပညာတန်ဆောင်

\- ငယ်ရွယ်စဉ် အချိန်ရှိခိုက်
လို့လစိုက် သင်ယူလေ၊
ပညာကို မြတ်တနိုးလို့
ကြိုးစားသင်စေ၊
စစ်မှန်သော လူမိတ်ဆွေ
မြတ်စာပေ ဂုဏ်ရှိန်တိုး၊
ကဝိရှင်တွေ လမ်းညွှန်ပြလို့
မြတ်လှတန်ဖိုး။

\- ပတ်ဝန်းကျင် မျက်နှာမညှိုး
ပညာတန်ခိုး အမှန်ကွယ်၊
ရွှင်လန်းစေ စိတ်ကြည်မွေ့လို့
ချမ်းမြေ့တင့်တယ်၊
ဗဟုသုတ ရသကြွယ်
ဉာဏ်စွမ်းရယ် အလင်းပေး၊
ရင်ထဲမှာ အစဉ်ကောင်းဖို့
ကိန်းအောင်းထုံမွှေး။

\- မြန်မာ့မူ မြန်မာ့ယဉ်ကျေး
ထိန်းသိမ်းရေး တည်တံ့ရာ၊
ကံအားလျော် ဘဝနွမ်းတော့
ရွှင်လန်းသာယာ၊
အခက်ခဲ ကြုံတွေ့လာ
ရင်ဆိုင်ကာ စိတ်ခိုင်ခံ့၊
လောကအလယ် စာကညစ်ရယ်က
မိတ်ဆွေအစစ် ဘိုးဘွားအမွေ
တိုးပွားစေ ဂုဏ်သတင်းမို့
ရှင်းရှင်းသန့်သန့်။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

# ဖြူးမြို့နယ် တံခွန်တိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး မေ ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တံခွန်တိုင်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးပေးရာတွင်လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တံခွန်တိုင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ ဒသမ ၅၂ သန်း လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တံခွန်တိုင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ငွေကျပ် ၃၈ ဒသမ ၅၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးလေး**

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၉၅၃၄ ဧကရိတ်သိမ်းပြီးစီး



**ကလေး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၉၅၃၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၄၄၈ ဧကတစ်ဧကလျှင် ၆၁ တင်းနှင့်ဖူးစားပြောင်း ၈၀၈၆ ဧက တစ်ဧကလျှင် ပြောင်းဖူး အဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၉၅၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ စိုက်ခင်းတွေဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၉၈၉၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ်အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ အစေ့ထုတ်ပြောင်း ၁၄၄၈ ဧကနှင့်ဖူးစားပြောင်း ၈၀၈၆ ဧက စုစုပေါင်း ၉၅၃၄ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ရက် ၉၀ စပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ပန်းတနော် မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ရက် ၉၀ စပါး တင်းရေ ၇၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလက ရက် ၉၀ စပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ရက် ၉၀ စပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မတ်လအတွင်း ရက် ၉၀ စပါးတင်းရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်တွေက လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုအများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဒီရက် ၉၀ စပါးက ဆန်အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ရက် ၉၀ စပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ မတ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ရေလမ်းအဆင်ပြေသလိုပဲတင်ပို့ရောင်းချနေပါတယ်"ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လတွင် တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၇၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများအလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကျေးသီးမြို့နယ် ကောင်းလန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျေးသီး မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းလန်းကျေးရွာ၌ ပဉ္စမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ကောင်းလန်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေကျပ် ၃၄၈ သိန်းလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ကောင်းလန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၂ ဦးကို ရန်ပုံငွေကျပ် ၃၄၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဒိုက်ဦးမြို့နယ် ကျွန်းကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဒိုက်ဦး မေ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျွန်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် ကျွန်းကုန်းကျေးရွာ၌ လမ်း အရှည် ပေ ၁၃၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၁၀ အသုံးပြု၍ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် မတ် ၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျွန်းကုန်းကျေးရွာရှိ အိမ်ခြေ ၂၆၁ အိမ်မှ လူဦးရေ ၁၁၆၁ ဦးတို့ သွားလာရေးလွယ်ကူစေမည်ဖြစ်ပြီး သန့်ရှင်းသော သောက်ရေကိုဖူလုံစွာရရှိမည်ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညို**

# ပျဉ်းမနားမြို့နယ် ကြို့တန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျဉ်းမနား မေ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ကြို့တန်းကျေးရွာတွင် စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကြို့တန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကြို့တန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆၃ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြို့တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၅ ဦးကို ရန်ပုံငွေကျပ် ၃၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ရိုင်**

စာပေမြင့်မှ လူမျိုးတင့်မည်

# တရုတ်(တိုင်ပေ)တွင် ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုကြောင့် လူလေးဦး သေဆုံး



**ပေကျင်း ဧပြီ ၃**

တရုတ်(တိုင်ပေ)၌ ယနေ့တွင် ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် လူလေးဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါ မြေငလျင်သည် ၂၅ နှစ်တာကာလအတွင်း ပြင်းအားအများဆုံးမြေငလျင်ဖြစ်ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ အမြောက်အမြားရှိခဲ့ကြောင်း၊ လူနေအိမ်ခြေအမြောက်အမြားလည်း ပျက်စီးသွားခဲ့ပြီး မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူခန့်မှန်းဦးရေ ၅၀ ထက်မနည်း ရှိခဲ့ကြောင်း၊ ပျက်စီးခဲ့သောအဆောက်အအုံအရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး ကနဦးခန့်မှန်းချက်အရ အဆောက်အအုံ ၂၆ လုံးရှိခဲ့ကြောင်း၊ မြေငလျင်ကြောင့် ကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့် အဓိကရင်ဆိုင်ခဲ့ရသောဒေသမှာ ဟွာလီယန်မြို့ဖြစ်ပြီး ပျက်စီးခဲ့သောလူနေအိမ်ခြေများမှ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ဟာမြေအောက်အနက် ၁၅ ဒသမ ၅ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ မြေငလျင်ပြင်းအားဟာ ၂၅ နှစ်တာကာလအတွင်း ပြင်းအားအများဆုံးမြေငလျင်ဖြစ်ပါတယ်"ဟု တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# အိန္ဒိယနိုင်ငံ တယ်လန်ဂါနာပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေ

**နယူးဒေလီ ဧပြီ ၃**

အိန္ဒိယနိုင်ငံ တယ်လန်ဂါနာပြည်နယ်တွင် ဧပြီ ၂ ရက်မှစတင်၍ အပူလှိုင်းဖြတ်သန်းနေပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မြင့်တက်မှုကိုလည်း အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး အပူချိန်ပမာဏမှာ ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လျက်ရှိကြောင်း၊ အပူချိန်မှာလာမည့်ရက်သတ္တပတ်ကြာထိ ဆက်လက်မြင့်တက်ဖွယ်ရှိနေသည့်အတွက် ကျန်းမာရေးလုံခြုံမှုအရ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"တယ်လန်ဂါနာပြည်နယ်မှာ အပူချိန်တွေမြင့်တက်နေတဲ့အတွက် အမိုးအကာအောက်မှာ နေထိုင်တာဟာ အသင့်လျော်ဆုံးဖြစ်လိမ့်မယ်။ အပူအအေးမျှတအောင်နေပြီး ရေဓာတ်ခန်းခြောက်မှုမဖြစ်ပေါ်စေရေးအတွက် ဂရုစိုက်ရမယ်။ အပူချိန်မြင့်တက်ချိန်လိုက်နာလုပ်ဆောင်ရမဲ့ ညွှန်ကြားချက်တွေကိုလဲ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



လာမည့် ၄၈ နာရီအတွင်းတွင်လည်းအပူချိန်မှာ နှစ်ဒီဂရီစင်တီဂရိတ်မှ သုံးဒီဂရီစင်တီဂရိတ်ထိ ဆက်လက် မြင့်တက်ဖွယ်ရှိနေပြီး ဧပြီ ၄ ရက်မှ ဧပြီ ၆ ရက်အတွင်း အပူချိန်အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိသွားဖွယ်ရှိနေကြောင်း၊ တယ်လန်ဂါနာပြည်နယ်တွင် အပူချိန် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေသည့်မြို့မှာ အဒီလာဘတ်မြို့၊ နယ်လ်ဂွန်ဒါမြို့၊ ဆာယာပတ်မြို့နှင့် ဝါနာပက်သီမြို့တို့ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ကပ်စပီယန်ပင်လယ်ရှိ Kashagan ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ကွက်တွင် ရေနံယိုဖိတ်မှုဖြစ်ပေါ်နေသည့်သတင်းကို NCOC ကုမ္ပဏီက ငြင်းဆန်ခဲ့

**အက်စ်တာနာ ဧပြီ ၃**

ကပ်စပီယန်ပင်လယ်ရှိ Kashagan ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ကွက်တွင် ရေနံယိုဖိတ်မှုဖြစ်ပေါ်နေကြောင်း သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် အဆိုပါကမ်းလွန်ရေနံတူးဖော်ရေးလုပ်ကွက်မှ တာဝန်ခံကုမ္ပဏီဖြစ်သည့် ကာဇက်စတန်နိုင်ငံ အခြေစိုက် NCOC ကုမ္ပဏီက ငြင်းဆန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Kashagan ရေနံလုပ်ကွက်သည် ကပ်စပီယန်ပင်လယ်တွင် အကြီးမားဆုံးသော ရေနံလုပ်ကွက်ဖြစ်ပြီး ရေနံယိုဖိတ်မှုဖြစ်ပေါ်ပါက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲသည့်အခြေအနေလည်းဖြစ်ကြောင်း၊ တာဝန်ခံကုမ္ပဏီအနေဖြင့် ရေနံယိုဖိတ်မှုကို ငြင်းဆန်ထားသော်လည်း Globus သုတေသနအဖွဲ့အစည်းက ဂြိုဟ်တုဓာတ်ပုံမှတ်တမ်းဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးကာ ရေနံယိုဖိတ်မှုများ သက်သေနှင့်တကွ ထုတ်ပြန်ခဲ့ကြောင်း၊ ရေနံယိုဖိတ်မှုဖြစ်ပေါ်ပါက NCOC ကုမ္ပဏီအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူခံရဖွယ် ရှိနေကြောင်း သိရသည်။

"Kashagan ရေနံလုပ်ကွက်မှာ ရေနံယိုဖိတ်မှုတွေဖြစ်ပေါ်နေတယ်လို့သတင်းထွက်ပေါ်လာခဲ့ပြီးနောက် ကုမ္ပဏီအနေနဲ့ ကျွမ်းကျင်ပညာရှင်တွေ စေလွှတ်ပြီးတော့ လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ စစ်ဆေးမှုသတင်းပို့ချက်အရ ရေနံယိုဖိတ်မှုလုံးဝမရှိခဲ့ပါဘူး။ ဒါကြောင့် သတင်းတွေ ထွက်ပေါ်နေတာနဲ့ ပတ်သက်ပြီး အထင်လွဲမှားနေတဲ့သူတွေသိရှိနိုင်အောင် စစ်ဆေးချက်ရလဒ်တွေလဲဖော်ပြထားပါတယ်"ဟု NCOC ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သို့သော်လည်း Kashagan ရေနံလုပ်ကွက်တွင် ရေနံတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုမ္ပဏီမှာ NCOC ကုမ္ပဏီတစ်ခုတည်းမဟုတ်ဘဲ Shell (SHEL.L)၊ Eni (ENI.MI)၊ Total Energies (TTEF.PA)၊ Exxon Mobil (XOM.N) ကုမ္ပဏီများလည်း ပါဝင်နေပြီး အဆိုပါကုမ္ပဏီများအနေဖြင့်လည်း ကျွမ်းကျင်ပညာရှင်များ စေလွှတ်ကာ ရေနံယိုဖိတ်မှုရှိ၊ မရှိကို သွားရောက်စစ်ဆေးခဲ့ကာ သတင်းများထွက်ပေါ်နေသကဲ့သို့ ရေနံယိုဖိတ်မှုမရှိခဲ့ကြောင်းလည်း ကုမ္ပဏီများက ပူးတွဲထုတ်ပြန်ချက်ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

## မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက်ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ် တွားသွားပြီးထွက်ခွာပါ။ (ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။

- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ် သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။

- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ် ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။

- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝိုင်ယာရှော့ဖြစ်ခြင်း။

- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။

- ဓာတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....
CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၂၁၆၃၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

## အိတ်ဖွင့်တင်ဒါကြေညာချက်

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်း ကျောင်းသား/ကျောင်းသူနားနေဆောင်မှ ဆိုင်ခန်းများအား ငှားရမ်းရန်ရှိပါသည်။

၂။ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုကြသော လုပ်ငန်းရှင်တစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုချင်းကဖြစ်စေ ဆောင်ရွက်လိုပါက တင်ဒါအဆိုပြုလွှာများ တင်သွင်းလျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

(က) ဆိုင်ခန်း(၃)ခန်း၏အတိုင်းအတာ
RC-01 = 12' x 11', RC-02 = 12' x 11' , RC-03 =(24'x 44')

(ခ) ဆိုင်ခန်းများတွင် ရောင်းချရမည့်အမျိုးအမည်
RC-01 = စတိုးဆိုင်
RC-02 = မိတ္တူဆိုင်
RC-03 = စားသောက်ဆိုင်

၃။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ငွေစာရင်းဌာနတွင် တင်ဒါသတ်မှတ်ပုံစံများကို (၅-၄-၂၀၂၄)ရက်နေ့မှစ၍ ဝယ်ယူပြီး (၁၂-၄-၂၀၂၄)ရက်နေ့ ညနေ (၃း၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းနိုင်သည်။ တင်ဒါတင်သွင်းသူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်။

၄။ (၁၂-၄-၂၀၂၄)ရက်နေ့ ညနေ (၃း၀၀)နာရီ တင်ဒါဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ တင်ဒါရရှိသူကိုရွေးချယ်ရာတွင် တင်ဒါကော်မတီ၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်ပါသည်။

**ဆိုင်ခန်းတင်ဒါကော်မတီ**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**


**ရွှေလီဦး**
**အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏နေရာအသစ်**
အမှတ်(၁၀၃)၊ လမ်း(၃၀)၊ ၇၉ × ၈၀လမ်းကြား၊ မန္တလေးမြို့။
၀၂-၄၀၃၃၂၈၀၊ ၀၂-၄၀၆၄၅၇၇၊ ၀၉-၄၀၂၅၁၁၅၅၅
စာ၊ ပါဆယ်နှင့် ကုန်ပစ္စည်းများကို
ဂိတ်ပိုင် ဦးပီတာကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပါသည်။
ဥက္ကဋ္ဌ-ဦးပီတာ
ဖုန်း-09-2004223, 09-47222224


## ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့နယ်၊ ရွှေစက်ရပ်ကွက်နေ မောင်အင်ချုပ်ထင်ဝေ (ဘ) ဦးခေါ့ဆန်း (၁/မကန(နိုင်)၂၂၉၈၂၂)၏ နိုင်ငံကူးလက်မှတ် အမှတ် (ME-140064) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၂၂၄၉၂၄၁

## အမည်ပြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်နေ ဦးအောင်မြင့်နိုင် (၉/မရမ(နိုင်)၀၀၆၀၃၃)- ဒေါ်ခင်ဆွေဦး (၁၄/အမန(နိုင်)၀၈၈၂၃၉) တို့၏သမီး မအိဆွေဇင်အောင် အား မအမရာခင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မအမရာခင်**

## အမည်ပြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (မ)ရပ်ကွက်နေ ဦးဇော်မင်းဦး (၉/ပသက(နိုင်)၁၄၃၃၂၀) - ဒေါ်မေသူထက် (၉/ပသက(နိုင်)၁၂၃၆၃၀) တို့၏သား မောင်ကောင်းဆက်လမင်း(ခ)မောင်ကောင်းထက်ဟိန်း အား မောင်အောင်ဘုန်းပြည့် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ဘုန်းပြည့်**

မီး
သတိပြု

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၀၉ (ရုံးချိန်အတွင်း)

# ဦးမင်းသန့်ဇော်

## (ပြည်နယ်ဦးစီးမှူး၊တိုင်းရင်းဆေးပညာဦးစီးဌာန-ငြိမ်း၊နှလုံးအထူးကု မြန်မာသမားတော်)

## အသက် (၈၀)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ မင်းတန်းရွာ( ဦးဘိုးအောင်+ဒေါ်ဖွားသန့်)တို့၏သား
ခ-၆/၅၅၊ ၆၇လမ်း၊ ၄၁×၄၂လမ်းကြား၊ မဟာမြိုင်(၁)၊ မန္တလေးမြို့နေ ဒေါ်ညွန့်မေ ၏ခင်ပွန်း
ကိုမြင့်ဇော်ဦး+မဖြူဖြူသန့် တို့၏ဖခင်ကြီး

**ဦးမင်းသန့်ဇော် အသက် (၈၀) နှစ်**

သည် ၁၃၈၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၉)ရက်၊ (၂-၄-၂၀၂၄) ရက်၊ အင်္ဂါနေ့၊ ညနေ (၄)နာရီ (၃၀)မိနစ်အချိန်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃၈၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်၊ (၄-၄-၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ နံနက် (၁၀)နာရီတိတိအချိန်တွင် နေအိမ်မှ "တောင်အင်းမြောက်အင်း"သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

❖ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အား ရှိမည်ဖြစ်သောကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေး ခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ် သေချာစွာတည်ဆောက်သွားရန် အလေး အနက်ထားမှာကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၇) သီဟတပ်ခွဲသင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၃**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂၇) သီဟတပ်ခွဲ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ဗထူးမြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး) စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဇေယျကျော်ထင် ဦးအောင်အောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆




ပဒုမ္မာဆပ်ပြာ

ရေမွှားဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'

PADONMAR